# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဗြဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၀၈၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ် စ ရာ**

လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

### တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးခြင်းသည် အကြီးမားဆုံးအင်အား ...

ဆောင်းပါး စာ ၆

### လောကပါလတရားမှသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဆီ ...

ဆောင်းပါး စာ ၁၀

### ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဂျပန်လေကြောင်းလိုင်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်

နိုင်ငံတကာသတင်း စာ ၁၃



## ရွှေတောင်မြို့နယ်၌ ဆီထွက်သီးနှံ စိုက်ကေပေါင်း ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရွှေတောင် ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံစေရန် အတွက် ဆီထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၈၂၂ ဧက လျာထားစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေတောင်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးရန် လျာထားဧက ၂၁၈၂၂ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူတွေကို ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ကွင်းသရုပ်ပြပွဲတွေနဲ့

စာမျက်နှာ ၃ ကော်လံ ၁ ■

## မုဒုံမြို့နယ်၌ မိုးစပါးဧက ၇၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီး၊ စပါးတင်းပေါင်း ၅၂၀၀၀၀၀ ကျော်ထွက်ရှိ



မုဒုံ ဒီဇင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ဧက ၇၅၀၀၀ ကျော်ကို ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူများက ချောင်းပိတ်၊ မြောင်းပိတ်နှင့် ဆည်ရေများကို အသုံးပြုကာ မြို့နယ်အတွင်း ကြဲခင်း ၄၃၄၈၄ ဧက၊ ရိုးရိုးပျိုးခင်း

စာမျက်နှာ ၃ ကော်လံ ၃ ◆

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

# စနစ်တကျ သတင်းပို့အပ်နှံခြင်းဖြင့် တစ်သက်တာလုံး ဝမ်းမြောက်ဂုဏ်ယူ

ပုဂံရှေးဟောင်းနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချသူများ ဖော်ထုတ်ဖမ်းဆီးအရေးယူခံရသည့်သတင်းမှာ အများပြည်သူသတိပြုဖွယ်ရာပင်ဖြစ်သည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ အမှုဖွင့်အရေးယူခံရသူ ၁၄ ဦးတို့မှာ မြင်းကပါကျေးရွာအတွင်း ရေမြောင်းတူးဖော်သည့်လုပ်ငန်းလုပ်ကိုင်စဉ် တွေ့ရှိခဲ့ရသည့် ရှေးဟောင်းရွှေထည်များကို သက်ဆိုင်ရာသို့ သတင်းပို့အပ်နှံခြင်းမရှိဘဲ ပြင်ပတွင် ထုခွဲရောင်းချခဲ့ကြခြင်းဖြစ်ရာ အကယ်၍သာ သက်ဆိုင်ရာသို့ သတင်းပို့အပ်နှံခဲ့မည်ဆိုပါက ယခုကဲ့သို့အဖြစ်မျိုးနှင့် ကြုံရမည်မဟုတ်ဘဲ ဘဝတစ်သက်တာဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှည်လျားသည့်သမိုင်းကြောင်း၊ မြင့်မားသည့်ယဉ်ကျေးမှုတို့ရှိသည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံး မြေပေါ်မြေအောက်တို့တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန့်ကျဲတည်ရှိနေသည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် သမိုင်းတင်သည့် ခေတ်အဆက်ဆက်တို့မှ ကြွင်းကျန်ရစ်သည့် ရှေးဟောင်းပစ္စည်းများမှာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများပင်ဖြစ်သည်။ သို့ဖြစ်ရာ ရွှေထည်ပစ္စည်းများသာမက ငွေထည်၊ ကြေးထည်၊ သံထည်၊ မြေထည်၊ ကျောက်ထည်၊ သစ်သားထည်များ၊ ပိုးထည်၊ ချည်ထည်များ၊ လက်နက်များ၊ အဆင်တန်ဆာများ၊ အသုံးအဆောင်များ၊ အဆောက်အအုံများ၊ သင်္ချိုင်းများ စသည့်ရှေးဟောင်းပစ္စည်းများ မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ထုခွဲရောင်းချခြင်းပြုလျှင် အထက်ဖော်ပြပါ ၁၄ ဦးကဲ့သို့ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေတို့အရ အရေးယူခံကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ဘိုးဘွားလက်ထက်မှ သားစဉ်မြေးဆက်ထိန်းသိမ်းလာခဲ့သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် တွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းများကိုလည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံပါက အဆိုပါရှေးဟောင်းဝတ္ထုပစ္စည်းများကို ၎င်းဦးစီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်နှင့် ရှေးဟောင်းသုတေသနပြတိုက်များတွင် စနစ်တကျ မှတ်တမ်းတင်၍ စုဆောင်းထိန်းသိမ်းပြသထားရှိခြင်းဖြစ်သည်။ ထို့ပြင် လာရောက်အပ်နှံသည့် ရှေးဟောင်းဝတ္ထုပစ္စည်းအတွက် ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးတို့ကိုပါ ထပ်ဆောင်းချီးမြှင့်ပေးသည်။ ယခုကဲ့သို့ ရွှေထည်ပစ္စည်းများကို ရွှေအလေးချိန်နှင့်အညီ ကာလပေါက်ဈေးနှင့် တွက်ချက်ပေးအပ်သည့်အပြင် သမိုင်းယဉ်ကျေးမှုတန်ဖိုးမြင့်မားလျှင် မြင့်မားသလို ထပ်ဆောင်းချီးမြှင့်ပေးအပ်သည်။ ထပ်ဆောင်းတန်ဖိုးသတ်မှတ်ရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်း၏ နောက်ခံသမိုင်းကြောင်းအခြေအနေ၊ ပြုလုပ်သည့် ပစ္စည်းအမျိုးအစား၊ အနုလက်ရာမြောက်မှု အဆင့်အတန်း၊ သက်တမ်းနှင့် ကာလတန်ဖိုးတို့အပေါ်တွင်မူတည်၍ စစ်ဆေးရေးအဖွဲ့က သတ်မှတ်ပေးအပ်ခြင်းဖြစ်ပြီး ခေတ်ကာလကြေးကို ကျောက်ခေတ်မှ ကိုလိုနီခေတ်အထိ ခေတ်ခွဲခြား၍ ၅၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ လက်ရာကြေးကို ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိလည်းကောင်း ကာလတန်ဖိုးအပေါ် ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိသည်ဟု သိရသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်ပြီး အချို့ဆိုလျှင် လူသားအားလုံးနှင့်ပင်ဆိုင်သည့် အမွေအနှစ်ပစ္စည်းများဖြစ်ရာ မပျက်စီးမပျောက်ကွယ်သွားစေရန် မိမိတို့အားလုံး ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြဖို့လိုသည်။ ကံအကြောင်းတိုက်ဆိုင်၍ တစ်နည်းနည်းဖြင့် လက်ဝယ်ရရှိလာကြပါကလည်း နိုင်ငံတော်သို့ စနစ်တကျအပ်နှံခြင်းဖြင့် ငွေကြေးအားဖြင့် ထိုက်ထိုက်တန်တန်ရရှိကြမည့်အပြင် ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းဖြစ်သည့်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်အတူ တွေ့ရှိအပ်နှံသူအဖြစ် မှတ်တမ်း၌ပါဝင်ကာ တစ်သက်တာဂုဏ်ယူကြရမည်ဟု မှတ်သားနားလည် အသိပညာဖြန့်ဝေကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည်ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ၎င်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့် အဖွဲ့ ၁၈ ဖွဲ့ရှိပြီး ၎င်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ကယားပြည်နယ် ပြည်သူ့ပါတီ (KySPP)** သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၅ ပါတီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**- ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း - တမီးလ်နာဒူးမြောက်ပိုင်း ကမ်းခြေအနီး) တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီးဖြစ်သည်။ **မိုး/ဇလ**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**- နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - စိုးစိုးနိုင် | **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းမှူး** | - မြင့်စိုး | **အကြီးတန်း** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - ခြူးစန္ဒီမွေး၊ တင်လင်းအောင် | **အငယ်တန်း** | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | |
| **စာပြင်** | - ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၃၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ညောင်လေးပင်ခရိုင်အတွင်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဒီဇင်ဘာ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်လေးပင်ခရိုင်အတွင်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာသို့ ရောက်ရှိပြီး တစ်နှစ်နွေစပါး နှစ်သီးစိုက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောကြားပေးစေလိုကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် နွေစပါးစိုက်တောင်သူများအား သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များ ပေးအပ်ပြီး နွေစပါး ပထမသီးနှံ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ ၌ သမန်းနိုးခြင်းဆောင်ရွက်နေမှု၊ ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်၊ လေးတန်းသွား လက်ဆွဲကောက်စိုက်စက်၊ ရှစ်တန်းသွား လက်ဆွဲမျိုးစေ့ချကိရိယာ၊ ပျိုးဗန်းပျိုးထောင်စက်နှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် သွင်းအားစုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင် ဦးသန့်ဇင်ထွန်း၏ ဒေသကြက်ကောင်ရေ ၇၀၀၀ နှင့် ဒေသဆိတ်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုတို့ကိုလည်းကောင်း၊ ကျိုက်ဇကောအရှေ့ကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဘက်စုံမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်ကြည်၏ နို့စားနွားမွေးမြူရေး၊ နို့စားကျွဲမွေးမြူရေး၊ ဒေသကြက်နှင့် ဥစားကြက်မွေးမြူရေးခြံနှင့် ပဲခူးတိုင်းဒေသထုတ် စပါးအခြောက်ခံစက်များကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး တန်ဖိုးမြှင့် စားသောက်ကုန်အဖြစ် ရောင်းချနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ညောင်လေးပင်ခရိုင်အတွင်းရှိ ဒေသခံတောင်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ဘက်စုံသုံး အစေ့ချစက်များကို ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ Agro Future Myanmar Co., Ltd. မှ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် ပြည်တွင်းဖြစ် လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်၊ ဆေးဖျန်းစက်နှင့် ဘက်စုံသုံး အစေ့ချစက်များကို ကြည့်ရှုအားပေးပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**သွင်းအားစုများ ချီးမြှင့်ပေးအပ်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် သနပ်ပင်မြို့နယ် အောက်စုကွင်းသို့ ရောက်ရှိပြီး နွေစပါး နှစ်သီးစိုက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးကာ ဒေသခံနွေစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဦးဝင်းထိုက်မောင်၏ ကာကီကင်းမျိုး ဥစားဘဲကောင်ရေ ၄၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ကမာစဲကျေးရွာရှိ ဦးလူမော်၏ တစ်ရက်တန် ၂၅၀ ကျ ဆန်စက်၌ ဆန်စက်လည်ပတ်နေမှု၊ ဆန်ကြိတ်ခွဲနေမှုကို ကြည့်ရှု၍ ဒေသခံတောင်သူများနှင့် ကန်ထရိုက်လယ်ယာစနစ်များ တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ပဲခူးမြို့နယ် အိုးဘိုကျေးရွာအုပ်စု တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံပဲစိုက်တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ပဲစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများအား အကျယ်တဝင့် ရှင်းလင်းပြောကြား၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ရွှေဖုံးမှ*

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းတွေ ဖွင့်လှစ်ပေးလျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောကြားသည်။

ရွှေတောင်မြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၅၈၉၃ ဧက၊ နှမ်း ၅၁၉၄ ဧက၊ နေကြာ ၇၃၅ ဧက စုစုပေါင်း ၂၁၈၂၂ ဧက လျာထားစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန် /ဆက်)**

◆ *ရွှေဖုံးမှ*

၃၁၇၅၆ ဧက၊ ပေါင်ပျိုးခင်း ၃၄၃ ဧက၊ ကောက်စိုက်စက်ဖြင့် ၈၂ ဧက စုစုပေါင်း မိုးစပါးသီးနှံ ၇၅၆၆၅ ဧကကို စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားဧကထက် ၄၆၉ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**၅၂၁၀၄၀၈ တင်း ထွက်ရှိခဲ့**

ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန် နိုဝင်ဘာလဆန်းပိုင်းမှ စတင်၍ မိုးစပါးများကို ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာလအထိ မိုးစပါးစိုက်ဧကများအားလုံးကို ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီ ဖြစ်ကြောင်း၊ ယခုနှစ်တွင် မိုးစပါး ၅၂၁၀၄၀၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# နိုင်ငံတော်အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝကောက်ခံနိုင်ရန် လိုအပ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနများ၏ တာဝန်ခံညွှန်ကြားရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၆

**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အကောက်ခွန်ဦးစီးဌာန၌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနများ၏ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုကို တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

**အပြည့်အဝကောက်ခံ**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာနရှိ အရာထမ်းများအား ဇေယျာသီဟခန်းမ၌ တွေ့ဆုံရာတွင် အကောက်ခွန် ဦးစီးဌာနသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများကို အဓိကရှာဖွေပေးရသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် တာဝန်ရှိသူများ အနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများအတိုင်း တိကျစွာ လိုက်နာကျင့်ကြံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝကောက်ခံနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ကြိုးပမ်းတာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

**ပြန်လည်ဆွေးနွေး**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တွေ့ဆုံပြီး ဌာနအလိုက် တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ အရာထမ်းများအား တွေ့ဆုံပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေနှင့် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးရာတွင် လည်းကောင်း၊ ချေးငွေများ ပြန်လည်ကောက်ခံရာတွင်လည်းကောင်း စနစ်တကျဆောင်ရွက်ရန်၊ ငွေကြေးအလွဲသုံးစားမဖြစ်စေရေး အဆင့်ဆင့်ကြီးကြပ်စစ်ဆေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် ( ၂/ ၂၀၂၄) ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရာဇဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က Online System ဖြင့် တက်ရောက်ကြသည်။

**အထိုက်အလျောက် အောင်မြင်**

ဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့် ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ကော်မတီများဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သုံးနှစ်ကျော်ကာလအတွင်း အထိုက်အလျောက် အောင်မြင်မှုရရှိခဲ့ကြောင်း၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့် ကော်မတီများအနေဖြင့် ယခင်အစည်းအဝေး(၁/၂၀၂၄)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ဒေသအသီးသီးရှိ IDP ၊ တိုက်ပွဲရှောင်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထွက်ပြေးတိမ်းရှောင်သူများအတွက် သက်ဆိုင်ရာ ကော်မတီအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အလိုက် ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ထားရှိမှုများကို ယခုအစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း။

**အားလုံးပူးပေါင်းပါဝင်**

အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ လက်ရှိအချိန်ထိ ခုနစ်လတာကာလအတွင်း စုစုပေါင်း အိမ်ထောင်စု ၃၅၂၄၅ စု၊ လူဦးရေ ၁၄၁၇၈၈ ဦးတို့ကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင် နေရာချထားပေးနိုင်ခဲ့ပြီး ယာယီခိုလှုံရာစခန်းများ/ စုရပ်များ ၃၈၀ ကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ လူသားချင်းစာနာမှု အကူအညီပေးမှုများအပြင် စုစုပေါင်းငွေကျပ် ၆၄၇၇ သန်းကျော်ဖြင့် လမ်းဖောက်လုပ်ခြင်း၊ အိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ စားနပ်ရိက္ခာ၊ လူသုံးကုန်ပစ္စည်းများ၊ ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်/ ကျောင်း ဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လက်ရှိအခြေအနေတွင် ယာယီနေရပ်စွန့်ခွာသူများအတွက် အခြေခံလိုအပ်ချက်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် စေတနာရှင်၊ အလှူရှင်များ ပေါင်းစပ်၍ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့် အမျှ မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း မှာကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ အမျိုးသားအဆင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယာယီခိုလှုံရာစခန်း/ စုရပ်များရှိ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှုအခြေအနေ၊ လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးမှုအခြေအနေ၊ မူလနေရပ်သို့ ပြန်လည်နေထိုင်သူများအတွက် လတ်တလော လိုအပ်သည်များ ထောက်ပံ့ကူညီပေးလျက်ရှိသည့် အခြေအနေ၊ အမျိုးသားအဆင့် ကော်မတီတွင် ရန်ပုံငွေထူထောင်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ ပြည်နယ်အဆင့် ကော်မတီများမှ တာဝန်ရှိသူတို့က သုံးသပ်အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေး ရှင်းလင်းတင်ပြကြရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တဲဟုန်ခရိုင်ပြည်သူ့အစိုးရ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yipeng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တဲဟုန်ခရိုင်ပြည်သူ့အစိုးရ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yipeng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာအလုပ်သမားများအနေဖြင့် နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်ပေါက်များမှ တစ်ဆင့် တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ရေး၊ တရုတ်နိုင်ငံ အလုပ်ရှင်များအပေါ် ကြပ်မတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရာဇဝတ်မှုဆိုင်ရာကိစ္စရပ်များနှင့် အခြားမလိုလားအပ်သည့် အခြေအနေများမဖြစ်ပေါ်စေရေး MoU စနစ်ဖြင့်မြန်မာအလုပ်သမားစေလွှတ်နိုင်ရေးတရုတ်နိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ တဲဟုန်ပြည်နယ်ခွဲ အစိုးရအဖွဲ့အနေဖြင့် MoU စနစ်ဖြင့် တရားဝင်အလုပ်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများနှင့် တရားမဝင်ရောက်ရှိ လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများအတွက် အလုပ်သမားအခွင့်အရေး ပြည့်ဝစွာရရှိနိုင်ရေး ကူညီကာကွယ်စောင့်ရှောက်ပေးနိုင်ရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် အလုပ်သမားပူးပေါင်းဆောင်ရွက်မှုများ ချစ်ကြည်ရင်းနှီးစွာဆောင်ရွက်နိုင်ရေး ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံ တဲဟုန်ပြည်နယ်ခွဲသို့ မြန်မာအလုပ်သမားများ MoU စနစ်ဖြင့် တရားဝင်စေလွှတ်နိုင်ရေးအတွက် တဲဟုန်ပြည်နယ်ခွဲအစိုးရနှင့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာ(MoU)ကို ဇန်နဝါရီ ၁၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်စီမြို့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သည် ယနေ့နံနက်ပိုင်းတွင် မြန်မာ-တရုတ် နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ရန်ကုန်မြို့အခြေစိုက် Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu အား ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ဝဲပုံ)**

တွေ့ဆုံစဉ် တရုတ်-မြန်မာ အစိုးရ - ပုဂ္ဂလိက ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအကြောင်း တရုတ်ခရီးသွားဧည့်သည်များ ပိုမိုသိရှိနိုင်ရေးအတွက် တရုတ်နိုင်ငံသုံး Social Media အကောင့်များမှတစ်ဆင့် မြှင့်တင်ကြော်ငြာသွားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ တရုတ်နိုင်ငံသားလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံကြရေး၊ တရုတ်နိုင်ငံမှ ပင်လယ်ရေကြောင်းအပျော်စီးသင်္ဘောများဖြင့်လာရောက်မည့် ခရီးသွားဧည့်သည်များကို ဖိတ်ခေါ်ရေး၊ အပျော်စီး သင်္ဘောခရီးစဉ်များ စီစဉ်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် တရုတ်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် Exploring Myanmar Culture and Tourism Organization နှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးကြပြီး မြန်မာ - တရုတ် နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြု လက်မှတ်ကို Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့် စက်ရုံ/အလုပ်ရုံများ ဖော်ဆောင်ရေးဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

**ကျိုင်းတုံ ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့် စက်ရုံ/အလုပ်ရုံများ ဖော်ဆောင်ရေး ဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး၍ အမှတ်ပေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၆ ရက်က ကျိုင်းတုံမြို့၌ ဆောင်ရွက်သည်။

ကွင်းဆင်းစစ်ဆေး အမှတ်ပေးဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့နှင့် စက်ရုံ / အလုပ်ရုံများ ဖော်ဆောင်ရေး ဆုစိစစ်ရွေးချယ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ အတွင်းရေးမှူး တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့အား ဆုရွေးချယ်ရေး သတ်မှတ်ထားသည့် အခြေခံစံနှုန်း၊ အညွှန်းကိန်းများ စိစစ်ရေးအခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ အမှတ်ပေးခြင်းများ ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့နှင့်စက်ရုံ/အလုပ်ရုံများဖော်ဆောင်ရေး ဆုစိစစ်ရွေးချယ်ရေး အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးခြင်းသည် အကြီးမားဆုံးအင်အား ...

သိပ္ပံနည်းပညာအင်ဂျင်နီယာ (ထွန်း)၊ ၁၉၉၂ ခုနှစ်၊ စက်မှုစီးပွားထူးချွန်ဆုရှင်

**၁၉ ရာစုမှာ ကုန်ထုတ်စွမ်းအားနဲ့ စစ်အင်အားတိုးတက်ကြီးမားလာကြတဲ့ လောဘတက်တိုင်းပြည်တွေအနက် ဖက်ဆစ်ဂျပန်နဲ့ နယ်ချဲ့အရင်းရှင် ဗြိတိသျှတို့က ၎င်းတို့ထုတ်လုပ်နိုင်တဲ့ထုတ်ကုန်တွေကို ဈေးကွက်တိုးချဲ့ရယူနိုင်ရေးအပြင် ကုန်ကြမ်းတွေရရှိရေးတို့အတွက်ပါ ဖွံ့ဖြိုးတိုးတက်မှုနည်းပြီး စစ်အင်အားချည့်နဲ့တဲ့ မြန်မာနိုင်ငံရဲ့ သဘာဝသယံဇာတတွေ ပေါကြွယ်ဝမှုကို မျက်စိကျလာခဲ့ကြပါတယ်။**

ကိုလိုနီနယ်ချဲ့အရင်းရှင် ဗြိတိသျှတို့က သူတို့ခြေကုပ်ရယူထားတဲ့ အိန္ဒိယနိုင်ငံကနေတစ်ဆင့် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီး ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ တစ်ဆင့်ချင်း အုပ်ချုပ်ခြယ်လှယ်ခြင်းပြုခဲ့ပါတယ်။

နယ်ချဲ့အရင်းရှင်ဗြိတိသျှတို့ရဲ့ ကိုလိုနီကျွန်ဘဝက လွတ်မြောက်ဖို့အတွက် မိမိတို့တိုင်းပြည်ကို ကူညီကယ်တင်ပေးနိုင်စွမ်းရှိတဲ့ ဂျပန်နိုင်ငံကို ခက်ခဲစွာလျှို့ဝှက်ချိတ်ဆက်ပြီး ကြိုးပမ်းခဲ့ကြရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ဂျပန်နိုင်ငံကို တိတ်တဆိတ်သွားရောက်ကာ စစ်ပညာသင်ယူခဲ့ကြပါတယ်။ အဲဒီနောက် ဂျပန်တို့ရဲ့အကူအညီနဲ့ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့အရင်းရှင်တို့ကို တွန်းလှန်နိုင်ခဲ့ကြပါတယ်။

သို့သော်လည်း ဂျပန်တို့က တစ်ဖန် ၁၉၄၂ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ မြန်မာနိုင်ငံကို ဂျပန်ကိုလိုနီအဖြစ် ထပ်မံအုပ်ချုပ်ကာ ဖက်ဆစ်ဝါဒီတို့ရဲ့ ရက်စက်မှုတွေအတိုင်း ငယ်ထိပ်ပေါ်ကို ရေတစ်စက်ချင်း၊ တစ်စက်ချင်းချကာ အသည်းခိုက်အောင်နာကျင်စေတဲ့ ပြစ်ဒဏ်ပေးခြင်း၊ လက်ကို ရေနွေးစိမ်ထားပြီး လက်သည်းခွံတွေကို ရက်စက်စွာ ချွတ်ခွာအပြစ်ဒဏ်ပေးခြင်း စတဲ့ ယုတ်မာမှု၊ နှိပ်စက်မှုအမျိုးမျိုးကို ဆိုးရွားစွာ ပြုလုပ်ခဲ့ကြပါတယ်။

ဖက်ဆစ်တပ်တွေကို တိုက်ထုတ်နိုင်ဖို့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဗမာ့တပ်မတော်နဲ့ တို့ဗမာအစည်းအရုံးဝင်တို့ဟာ အိန္ဒိယပြည်ရှိ ဗြိတိသျှအာဏာပိုင်တွေနဲ့ တိတ်တဆိတ် ဆက်သွယ်ခဲ့ကြပါတယ်။ ထို့နောက် ဖ-ဆ-ပ-လ ခေါ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဖ-ဆ-ပ-လ အဖွဲ့ကြီးနဲ့အတူ မြန်မာလူငယ်ခေါင်းဆောင်တွေကလည်း တစ်ခဲနက် ပါဝင်ကြကာ ၁၉၄၅ ခုနှစ် မတ်လက အစပြုလို့ ဖက်ဆစ်ကို တော်လှန်ခဲ့ကြပါတယ်။ ထိုတော်လှန်နိုင်မှုကြောင့် ထိုနှစ်မှာပဲ ဗြိတိသျှတပ်တွေ မြန်မာနိုင်ငံကို လွယ်ကူစွာ ဝင်ရောက်နိုင်ကြပြီး ဖက်ဆစ်တွေကို အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ဖ-ဆ-ပ-လ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၄၆ ခုနှစ်မှာ ဖ-ဆ-ပ-လ ခေါင်းဆောင်တဲ့ မြန်မာလူထုက တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ရေး၊ အချုပ်အခြာအာဏာပိုင်သော လွတ်လပ်ရေးရရေး စတဲ့ အဆိုတွေကို အတည်ပြုတင်သွင်းကြပါတယ်။ ဖ-ဆ-ပ-လ ဦးစီးတဲ့ ပြည်မဒေသနဲ့ တောင်တန်းဒေသအင်အားကို မခံနိုင်တော့လို့ ဗြိတိသျှအစိုးရက အုပ်ချုပ်ရေးအာဏာကို အပ်နှင်းပေးခဲ့ပြီး တစ်နိုင်ငံလုံးလွတ်လပ်ရေးကိုလည်း မကြာမီ ပေးပါမယ်လို့ ကတိပြုဝန်ခံမှုပေးခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဖ-ဆ-ပ-လ အစိုးရက ၁၉၄၇ ခုနှစ်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ကို ကျင်းပပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်တွေ အစည်းအဝေးပြုလုပ်နေစဉ်မှာ ဂဠုန်ဦးစော ဦးဆောင်တဲ့ မသမာသူလူတစ်စုရဲ့ လုပ်ကြံခြင်းခံခဲ့ရပါတယ်။ ဒါပေမယ့် ဖ-ဆ-ပ-လ ဒုတိယဥက္ကဋ္ဌ သခင်နုက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အောင်မြင်စွာ အပြီးသတ်ရေးဆွဲနိုင်ခဲ့ကြပါတယ်။ အဲဒီနောက် မြန်မာခေါင်းဆောင်တွေဟာ ဗြိတိသျှအစိုးရအက်တလီနဲ့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံသဘောတူစာချုပ်တွေ ချုပ်ဆိုခဲ့ကြတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင် ထာဝရလွတ်လပ်တဲ့ မြန်မာနိုင်ငံလို့ ကမ္ဘာကို ကြေညာနိုင်ကာ ဗြိတိသျှအလံကို ဖြုတ်ချပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူနိုင်ခဲ့ကြတယ်။



၂၀၂၃ ခုနှစ်က ကျင်းပသည့် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ကြီးကျယ်ခမ်းနားစွာ ကျင်းပစဉ်။

မျက်စိကိုမှိတ်၊ အံကိုကြိတ်လို့ သူ့ကျွန်ဘဝနဲ့ ဖက်ဆစ်ဝါဒီတို့ရဲ့ နှိပ်စက်ခံရတဲ့ဘဝက လွတ်မြောက်ကင်းဝေးစွာနေနိုင်ဖို့အတွက် ဘိုးဘွားတွေက အသက်ကိုနှင်း၊ ဘဝကိုရင်းကာ ဆင်းရဲဒုက္ခများစွာကို ခေါင်းငုံ့ခံခဲ့ကြပြီး ကိုလိုနီနယ်ချဲ့အရင်းရှင်ရဲ့လက်ကနေ မိမိတို့တိုင်းပြည်ကို ပြန်လည်တိုက်ခိုက်ရယူကာ မြန်မာနိုင်ငံတိုင်းရင်းသားမျိုးနွယ်စုလူငယ်တွေလက်ကို လွှဲအပ်ပေးခဲ့ပါတယ်။

လက်ခံရယူလိုက်ကြရတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမရင်းချာတွေဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ မျိုးနွယ်စု ရှစ်စုတို့ရဲ့ လူငယ်တွေကလည်း မိမိတို့ လက်ခံရယူပိုင်ဆိုင်ထားကြတဲ့ ဒီခေတ်သစ်မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါး နယ်ချဲ့အရင်းရှင်တို့ရဲ့ ကိုလိုနီကျွန်ဘဝအဖြစ် ထပ်မံမရောက်စေဘဲ ရှေ့သို့သာ တက်လှမ်းချီလို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ အင်အားစွမ်းပကားကြီးမားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်စေဖို့ စည်းလုံးညီညာစွာ ခိုင်ခိုင်မြဲမြဲ လက်ချိတ်တွဲလို့ တည်ဆောက်ကြဖို့ တာဝန်ယူကြရမယ့်အချိန် ရောက်လာခဲ့ပါပြီ။

ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ကမ္ဘာ့တန်ဖိုးမြင့် ကျောက်သံပတ္တမြား၊ ပုလဲနဲ့ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ ခဲ၊ ဒန်သတ္တု (အလူမီနီယံ)၊ သံဖြူ (Tin)၊ မဂ္ဂနိစ်၊ ခနောက်စိမ်းအပါအဝင် သံနဲ့ သံမဏိထုတ်လုပ်နိုင်တဲ့ ကုန်ကြမ်းမျိုးစုံလှတဲ့ မိမိတိုင်းပြည်ရဲ့ သဘာဝသယံဇာတတွေကို တိုင်းတစ်ပါးနယ်ချဲ့တို့ ကျူးကျော်ဝင်ရောက် တူးဖော်အမြတ်ထုတ်ယူခြင်းမျိုးတွေ ခံခဲ့ကြရပြီးဖြစ်ပါတယ်။ ကျူးကျော်လာတဲ့ တိုင်းတစ်ပါးနယ်ချဲ့အရင်းရှင်တွေရဲ့ ကုပ်သွေးစုပ် အမြတ်ထုတ်ခြင်းမျိုး နောက်ထပ်မခံရလေအောင် ကာကွယ်နိုင်ကြဖို့ အလေးထားကြရန် လိုအပ်လှပါတယ်။ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်ဖွားတွေ ပိုင်ဆိုင်ထားကြပြီးဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းအေးချမ်းသာယာဝပြောကာ အစဉ်ခေတ်မီဖွံ့ဖြိုးတိုးတက်နေအောင် မိမိတို့ တိုင်းရင်းသားတွေအားလုံးရဲ့ စုစည်းခိုင်မာ ကြီးမားလှတဲ့ အင်အားစုကြီးနဲ့ ဆက်လက်ဖော်ဆောင်ပေးကြရမှာဖြစ်ပါတယ်။

ဒီလိုဖော်ဆောင်ရာမှာ ရှေးဦးစွာ အခြေခံအရင်းအမြစ်တွေဖြစ်ကြတဲ့ လျှပ်စစ်စွမ်းအားတိုးတက်တည်ငြိမ်မှုရရှိရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် နည်းပညာ အတတ်ပညာများ ထူးချွန်စွာတတ်မြောက်တဲ့ ကျွမ်းကျင်သူတွေ တိုးပွားရေးစတာတွေကို အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရည်မှန်းချက်တွေ ဖော်ဆောင်ရာမှာ မြန်မာတို့ရဲ့ ထူးခြားပြောင်မြောက်တဲ့ သမိုင်းမှတ်တမ်းဖြစ်စေအောင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက မိမိတို့အခြေချနေထိုင်ရာ ဒေသအသီးသီးမှာ အောင်မြင်ဖြစ်ထွန်းနိုင်တဲ့ လယ်ယာသီးနှံ စိုက်ပျိုးခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းတွေကို အောင်မြင်စွာဖော်ဆောင်ကြပြီး ဆက်စပ်ထပ်ဆင့်ထွက်ပေါ်လာတဲ့ ထွက်ကုန်တွေကိုလည်း လူသုံးကုန်ပစ္စည်းတွေ၊ စားသောက်ကုန်ပစ္စည်းတွေအဖြစ် ထုတ်လုပ်ရောင်းချ ဈေးကွက်ဖန်တီးယူကြကာ ဝင်ငွေထပ်ဆင့်တိုးရအောင် ကြံဆနိုင်စွမ်းရှိကြဖို့ လိုအပ်ပါမယ်။

လုပ်ငန်းဖော်ဆောင်သူ တိုင်းရင်းသားတွေနဲ့အတူ သူတို့ပိုင်ဆိုင်ထားတဲ့ ပြည်ထောင်စုကြီးကိုပါ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်အောင် အဆင့်လိုက်ထပ်တိုးရရှိလာနိုင်တဲ့

*စာမျက်နှာ ၇ သို့*

- **ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ကမ္ဘာ့တန်ဖိုးမြင့် ကျောက်သံပတ္တမြား၊ ပုလဲနဲ့ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ ခဲ၊ ဒန်သတ္တု (အလူမီနီယံ)၊ သံဖြူ (Tin)၊ မဂ္ဂနိစ်၊ ခနောက်စိမ်း အပါအဝင် သံနဲ့သံမဏိထုတ်လုပ်နိုင်တဲ့ ကုန်ကြမ်းမျိုးစုံလှတဲ့ မိမိတိုင်းပြည်ရဲ့ သဘာဝသယံဇာတတွေကို တိုင်းတစ်ပါးနယ်ချဲ့တို့ ကျူးကျော်ဝင်ရောက်တူးဖော်အမြတ်ထုတ်ယူခြင်းမျိုးတွေ ခံခဲ့ကြရပြီးဖြစ်**
- **ကျူးကျော်လာတဲ့ တိုင်းတစ်ပါးနယ်ချဲ့အရင်းရှင်တွေရဲ့ ကုပ်သွေးစုပ် အမြတ်ထုတ်ခြင်းမျိုး နောက်ထပ်မခံရလေအောင် ကာကွယ်နိုင်ကြဖို့ အလေးထားကြရန် လိုအပ်**
- **မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်ဖွားတွေ ပိုင်ဆိုင်ထားကြပြီးဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းအေးချမ်းသာယာဝပြောကာ အစဉ်ခေတ်မီဖွံ့ဖြိုးတိုးတက်နေအောင် မိမိတို့ တိုင်းရင်းသားတွေအားလုံးရဲ့ စုစည်းခိုင်မာ ကြီးမားလှတဲ့ အင်အားစုကြီးနဲ့ ဆက်လက်ဖော်ဆောင်ပေး**

*စာမျက်နှာ ၆ မှ*

ထွက်ကုန်ပစ္စည်းတွေကနေ ထပ်ဆင့်တန်ဖိုးမြှင့် ထုတ်ကုန် (value added products)တွေရဲ့ ထပ်တိုးဝင်ငွေများစွာရရှိစေနိုင်တာကလည်း ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို ထိရောက်စေမှာဖြစ်တဲ့အတွက် တိုင်းသူပြည်သားအားလုံးက တစ်ခဲနက် စုပေါင်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ဥပမာပြရရင် ဝါစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတဲ့ အရပ်ဒေသမှာ ဝါစိုက်ပျိုးခြင်းကနေ ထွက်ရှိလာတဲ့ ဝါတွေကို ဝါနဲ့ ဝါစေ့ခွဲထုတ်၊ ဝါမှချည်မျှင်ကို ထုတ်ယူပြီး အထည်အလိပ်အမျိုးမျိုး ထုတ်လုပ်ရောင်းချတာ၊ ထိုမှ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုး စတာတွေကို ထပ်ဆင့်တိုးထုတ်လုပ်ရောင်းချတာ စသဖြင့် ထပ်ဆင့်တန်ဖိုးမြှင့်ထုတ်ကုန်တွေကနေ ဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်ကြရပါမယ်။

ဝါစေ့ကိုကြိတ်လို့ ဆီထုတ်ရောင်းချ၊ ဆီကြိတ်ဖတ်တွေကိုလည်း တိရစ္ဆာန်အစားအစာအဖြစ် ပြုလုပ်ရောင်းချပြီး ဝင်ငွေတိုးစေနိုင်တာကိုပါ အလေးထားစဉ်းစား ဖော်ဆောင်နိုင်ကြရပါမယ်။ အခုအခါ နှစ်ရှည်စွာ စိုက်ပျိုးဖြစ်မြောက်နေတဲ့ အုန်းပင်ကြီးတွေရဲ့တစ်ပင်လုံးက ရယူနိုင်တဲ့ အရည်၊ အသားဖတ်တို့ကနေ ဝင်ငွေရယူနေကြရာမှ ထပ်ဆင့်လို့ အုန်းသီးရဲ့အပြင်အခွံနဲ့ အတွင်းအခွံမာတို့ကနေလည်း လူသုံးအလှကုန်ပစ္စည်းအမျိုးမျိုး ပြုလုပ်ပြီး ဝင်ငွေရအောင် ဖန်တီးယူနိုင်နေကြတဲ့အပြင် ရှားပါးနေတဲ့စားသုံးဆီကိုလည်း အုန်းဆီကနေ အောင်မြင်စွာ ထုတ်ယူနိုင်အောင် မြန်မာ့သုတေသန ပညာရှင်တွေက ဖန်တီးပေးနိုင်နေကြပါပြီ။

ထန်းလက်၊ ထန်းပင်ရဲ့ပင်စည်ပါမကျန် အဆောက်အအုံဆောက်လုပ်ရာမှာသုံးတဲ့ ကုန်ကြမ်းအဖြစ်နဲ့ လူသုံးပရိဘောဂကုန်ပစ္စည်းအမျိုးမျိုးအဖြစ် စုံလင်စွာ တီထွင်ပြုလုပ်နိုင်ကြခြင်းကြောင့် ဝင်ငွေထပ်တိုးရှာနိုင်လာကြတာကို ချီးကျူးမိပါတယ်။ အလားတူပဲ မွေးမြူရေးလုပ်ငန်းတွေမှာလည်း တိရစ္ဆာန်ရဲ့အရေခွံနဲ့ အမွေးတွေကနေ လူသုံးအဝတ်အထည်တွေ၊ အလှခြုံလွှာတွေ၊ လက်ကိုင်အိတ်တွေအဖြစ်၊ အရိုးတွေကိုလည်း လူသုံးအလှကုန်ပစ္စည်းအဖြစ် ပြုလုပ်ပြီး value added products ဖန်တီးရောင်းချကာ ထပ်ဆင့်ဝင်ငွေ ဖြည့်စွက်ပေါင်းစပ်ရယူနိုင်ကြပါတယ်။

ဒီလိုဆောင်ရွက်နိုင်တာက လုပ်ငန်းလုပ်ကိုင်ကြသူ တိုင်းရင်းသားမျိုးနွယ်စု ညီအစ်ကိုမောင်ဖွားအားလုံးနဲ့အတူ နိုင်ငံတော်ကြီးကိုပါ ခေတ်မီတိုးတက် အဆင့်မြင့်ရေးအတွက် အကျိုးဖြစ်ထွန်းမှုများစေမှာဖြစ်ပါတယ်။ ဒီလိုပြည်သူအားလုံးက အလေးထား ဖော်ဆောင်နိုင်စွမ်းရှိကြခြင်းဟာ မျိုးနွယ်စုအားလုံးနဲ့ နိုင်ငံတော်အတွက်ပါ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့်တက်စေမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးရဲ့ ကြီးမားတဲ့ စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ လက်တွေ့ကြိုးပမ်းပြနိုင်ကြခြင်းကို သမိုင်းမှတ်တမ်းတင်နိုင်ကြပါစေ။

ခေတ်သစ်မြန်မာနိုင်ငံတော်ကြီး အစပြုတည်ဆောက်နေတဲ့ကာလမှာ ပမာဏကြီးမားတဲ့ မဟာဓာတ်အားစီမံကိန်းကနေ လျှပ်စစ်စွမ်းအင်ရရှိရေးကို စောင့်မျှော်မနေကြဘဲ နိုင်ငံဒေသအနှံ့ ကျေးလက်တွေပါမကျန် မိမိတို့ကိုယ်ပိုင် တစ်ပိုင်တစ်နိုင်လုပ်ငန်းအသီးသီး အစပြုဖို့ လိုအပ်တဲ့ ပမာဏနည်းတဲ့ လျှပ်စစ်စွမ်းအင်အသီးသီးကို အချိန်တိုအတွင်းရနိုင်မယ့် သဘာဝက လက်ဆောင်ပေးနေတဲ့ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ မြစ်ချောင်း အင်းအိုင်တို့ကနေ ရယူနိုင်တဲ့စွမ်းအင်တွေကို နည်းပညာတတ်ကျွမ်းတဲ့ပညာရှင်တွေ ဖန်တီးထားတဲ့ နည်းစနစ်တွေကိုအသုံးပြုပြီး တစ်စုတစ်ဖွဲ့ချင်းကိုယ်စီ ရယူနိုင်ကြပါတယ်။

သဘာဝစွမ်းအင်အနက်မှ မိမိတို့နေထိုင်ရာ အရပ်ဒေသအသီးသီး အခြေအနေနဲ့ကိုက်ညီသင့်မြတ်တဲ့ သဘာဝစွမ်းအင်မျိုးကိုရွေးပြီး တစ်ပိုင်တစ်နိုင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းကလည်း ကိုယ်စီဖော်ထုတ်ရယူကာ မိမိတို့လုပ်ငန်းငယ်တွေကို အလျင်အမြန် အစပြုကြရမှာဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်စွမ်းအား အပြည့်အဝရနိုင်ချိန်မှာလည်း မိမိတို့လုပ်ငန်းတွေကို ဖြည့်စွက်တိုးချဲ့ရာမှာ လျင်မြန်မှုရစေရေးအတွက် အသင့်ပြင်ဆင်ထားမှုကိုလည်း လက်ဦးရထားပြီး ဖြစ်နေရပါမယ်။

ကျူးကျော်ဝင်ရောက်လာနိုင်တဲ့ တိုင်းတစ်ပါးနယ်ချဲ့တွေကိုခုခံနိုင်ဖို့ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးက စစ်ရေးပညာကျွမ်းကျင်စွာနဲ့ ခေတ်မီလက်နက်စွဲကိုင်ကာ ဘတစ်ပြန်ကျားတစ်ပြန် ကာကွယ်တွန်းလှန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကြရပါမယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး စွမ်းပကားထက်မြက်တဲ့ ပြည်ထောင်စုကြီးဖြစ်အောင် ဖော်ဆောင်ကြရာမှာ ငွေကြေးတောင့်တင်းပြီး အသိအတတ်ပညာနဲ့ အတွေ့အကြုံရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးက အတ္တထက် ပရစိတ်နဲ့ နေရာစုံ၊ ထောင့်အနှံ့က ပါဝင်ကာ ကြီးမားတဲ့စုစည်းအင်အားနဲ့ ဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။

တိုင်းပြည်နဲ့ လူမျိုးအတွက် လိုအပ်တဲ့ ခေတ်မီစက်ပစ္စည်းကိရိယာ စုံလင်စွာထုတ်လုပ်ပေးနိုင်တဲ့ စက်မှုလက်မှုလုပ်ငန်းတွေကို ဦးဆောင်ပေးစွမ်းနိုင်ရေး၊ တတ်ကျွမ်းထူးချွန်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ သိပ္ပံနည်းပညာရှင်တွေ ဖြစ်ထွန်းပေါ်ပေါက်ရေးနဲ့အတူ အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်စွမ်းအင် လုံလောက်ပြည့်ဝရေးတို့ကိုလည်း ယှဉ်တွဲပြည့်စုံစေဖို့ စီမံကြစေလိုပါတယ်။

စီးပွားရေး အလျင်အမြန်တိုးတက်ဖို့ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းတွေ လျင်မြန်စွာတိုးတက်လာစေရေးနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အားလုံးအပါအဝင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ ခေတ်မီနည်းပညာတွေ ပြန့်ပွားစေရေးလည်း လိုအပ်ပါတယ်။ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းအသီးသီးကို အစပြုနိုင်ဖို့ လုပ်ငန်းဖော်ဆောင်ကြမယ့် ပြည်သူအစုအဖွဲ့တွေလိုအပ်တဲ့ ရင်းနှီးငွေကိုလည်း ဘဏ်လုပ်ငန်း၊ သမဝါယမလုပ်ငန်းတွေကနေ ထုတ်ချေးပေးနိုင်ရေး၊ လုပ်ငန်းအသီးသီး စနစ်တကျအောင်မြင်ဖြစ်ထွန်းဖို့အတွက် အထွေထွေလိုအပ်ချက်တွေကို ဝိုင်းကူပံ့ပိုး ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်း၊ ခရိုင် စတာတွေမှာ နိုင်ငံတော်က တာဝန်ပေးအပ်ထားတဲ့ အုပ်ချုပ်ကွပ်ကဲမှုပေးနေကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ အနီးကပ်ကြီးကြပ်မှုကလည်း အလွန်အရေးပါလှပါတယ်။

အမိနိုင်ငံတော်ကြီး အလျင်အမြန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရအောင် လိုအပ်တဲ့ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း စတာတွေနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ အထွေထွေလုပ်ငန်းအားလုံးအတွက်ပါမကျန် တည်ငြိမ်ပြည့်ဝတဲ့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စက်ရုံတွေ တည်ဆောက်ပေးခြင်းနဲ့ ရေအားလျှပ်စစ်စက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး စက်ရုံတွေကိုလည်း နိုင်ငံတော်အစိုးရက အလေးထားတည်ဆောက်ပေးနေပြီဖြစ်ကြောင်းကို ရုပ်သံနဲ့ သတင်းမီဒီယာတွေမှာဖတ်ရလို့ အားရှိရပါတယ်။

အဓိကအခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းနေဆဲမှာ တိုင်းရင်းသားမျိုးနွယ်စုအားလုံးက အမိနိုင်ငံတော်ကြီး အလျင်အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အသီးသီးကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ဖို့ ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုအားလုံးက စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို အရှိန်အဟုန်နဲ့ ဖော်ဆောင်နိုင်မယ့် တိုင်းပြုပြည်ပြုအစိုးရသစ်ရွေးချယ်ဖို့ ဆန္ဒမဲပေးနိုင်သူ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမတွေဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ မျိုးနွယ်စုဝင်အားလုံးက တစ်ခဲနက်ပါဝင်ကာ ရွေးချယ်တင်မြှောက်ပေးကြရပါမယ်။

ခေတ်သစ်ပြည်ထောင်စုကြီးကို အစပြုတည်ဆောက်နေတဲ့ကာလ၊ ကြီးမားတဲ့နိုင်ငံကြီးတစ်ခုလုံးအတွက် မဖြစ်မနေလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို အလေးထား ဦးစားပေးတည်ဆောက်ပေးနေရချိန်မှာ ငွေကြေးချမ်းသာတဲ့ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးတွေကလည်း တစ်ဖက်တစ်လမ်းကနေ မိမိတို့ကျွမ်းကျင်တဲ့ လုပ်ငန်းအတွေ့အကြုံတွေနဲ့ ကိုက်ညီတဲ့ လုပ်ငန်းကြီးတွေမှာ ပါဝင်အားဖြည့်ကူကြစေလိုပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံးရဲ့ ငြိမ်းချမ်းအေးချမ်းသာယာတဲ့ ခေတ်သစ်ပြည်ထောင်စုကြီးကို တိုင်းရင်းသားညီအစ်ကိုတွေက စည်းလုံးညီညွတ်စွာ ကြီးမားတဲ့စုစည်းအင်အားနဲ့ အလျင်အမြန် တည်ဆောက်ကြပြီး ကမ္ဘာမှာမြန်မာလို့ ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ မျိုးနွယ်စုတွေအားလုံးရဲ့ ဗလငါးတန်ပြည့်ဝတဲ့ လူငယ်တွေအားလုံးက စည်းလုံးညီညွတ်စွာ လက်ချိတ်တွဲလို့ ခေတ်မီဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာတဲ့ ခေတ်သစ်စနစ်သစ် နိုင်ငံတော်ကြီးကို တည်ဆောက်ကြဖို့ အဓိဋ္ဌာန်ပြုကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ကျရောက်လာတော့မယ့် (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ဦးညွှတ်ဂုဏ်ပြုကြိုဆိုလိုက်ကြပါစို့။ ။



မြန်မာနိုင်ငံ၏ပထမဆုံးအကြိမ် လွတ်လပ်ရေးနေ့တွင် သမ္မတစဝ်ရွှေသိုက်နှင့် နောက်ဆုံးဗြိတိသျှဘုရင်ခံ ဆာဟူးဘတ်ရန့်စ်တို့ကို မြင်တွေ့ရစဉ်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ဝင်များ ၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်က တိုင်းပြုပြည်ပြုလွှတ်တော်သို့ ချီတက်လာစဉ်။

**“ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံးရဲ့ ငြိမ်းချမ်းအေးချမ်းသာယာတဲ့ ခေတ်သစ်ပြည်ထောင်စုကြီးကို တိုင်းရင်းသားညီအစ်ကိုတွေက စည်းလုံးညီညွတ်စွာ ကြီးမားတဲ့စုစည်းအင်အားနဲ့ အလျင်အမြန် တည်ဆောက်ကြပြီး ကမ္ဘာမှာမြန်မာလို့ ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းပေးကြစေလို ”**

# ၂၀၂၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းကို ၂၀၁၅ ခုနှစ် ဖြစ်ပွားမှုနှုန်း၏ ၅၀ ရာခိုင်နှုန်းနှင့် သေဆုံးမှုနှုန်းကို ၇၅ ရာခိုင်နှုန်းအထိလျှော့ချမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် National Annual TB Evaluation Meeting (2023) သို့ တက်ရောက်သည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ်တွင် ကမ္ဘာပေါ်၌ လူဦးရေ ၁၀ ဒသမ ၈ သန်းခန့်သည် တီဘီရောဂါဖြစ်ပွားခဲ့ပြီး တီဘီရောဂါကြောင့် သေဆုံးသူပေါင်း ၁ ဒသမ ၂၅ သန်းခန့် ရှိသည်ဟု ခန့်မှန်းသိရှိရကြောင်း၊ WHO End TB Strategy အရ ၂၀၂၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းကို ၂၀၁၅ ခုနှစ် ဖြစ်ပွားမှုနှုန်း၏ ၅၀ ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးမှုနှုန်းကို ၇၅ ရာခိုင်နှုန်းအထိ လျှော့ချကြရမည်ဖြစ်ကြောင်း။

တီဘီရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ပြည်တွင်း / ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အမျိုးသားမဟာဗျူဟာစီမံကိန်း (National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တီဘီရောဂါမဖြစ်အောင် ကာကွယ်ကုသခြင်း (TB preventive Therapy, TPT) ကို လက်ရှိအခြေအနေထက် ပိုမိုထိရောက်အောင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ ပုဂ္ဂလိက ဆေးရုံ / ဆေးခန်းများကိုလည်း တီဘီရောဂါကာကွယ်ကုသမှုများတွင် ယခုထက်ပိုမို ပူးပေါင်းပါဝင်လာအောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

လူတိုင်းလက်လှမ်းမီရရှိနိုင်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုများရရှိစေရန်နှင့် တီဘီရောဂါတိုက်ဖျက်ရေးရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားနီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိမြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar CDC) ၌ ၂၀၂၄ ခုနှစ် နှစ်ပတ်လည် အနာကြီးရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါ ကင်းဝေးရေးရည်မှန်းချက်ဖြစ်သော လူဦးရေတစ်သောင်းလျှင် အနာကြီးရောဂါဖြစ်ပွားသူတစ်ဦးအောက်လျော့နည်းအောင် လျှော့ချနိုင်ခဲ့ပါကြောင်း။

၂၀၂၃ ခုနှစ်တွင် အနာကြီးရောဂါလူနာသစ် ၁၃၃၈ ဦး၊ ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂) ရှိသူ လူနာသစ် ၂၀၇ ဦးနှင့် ကလေးလူနာသစ် ၃၈ ဦး ရှာဖွေဖော်ထုတ်၍ ဆေးဝါးကုသပေးနိုင်ခဲ့ပါကြောင်း၊ လူနာများကို ကိုယ်အင်္ဂါချို့ယွင်းမှုမဖြစ်မီ စောစီးစွာရှာဖွေဖော်ထုတ်နိုင်ရေးအတွက် လူနာသစ်ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

ယခုလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲတွင် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါကြောင်း၊ အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အနာကြီးရောဂါဆိုင်ရာနည်းပညာအကြံပေးပညာရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး / ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ် နှစ်ပတ်လည် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို နေပြည်တော်၌ သုံးရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးလ်ဂိတ်များနှင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) ပေါ်ရှိ လမ်းအသုံးပြုခကောက်ခံလျက်ရှိသည့် တိုးလ်ဂိတ်များကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စီလမ်းဆုံတိုးလ်ဂိတ်၌ Computer စနစ်ဖြင့် နေ့စဉ်လမ်းအသုံးပြုခ ကောက်ခံနေမှု၊ CCTV တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ရေနှင့် လျှပ်စစ်မီးရရှိမှု၊ တိုးလ်ဂိတ်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုးလ်ဂိတ်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ပြီး ဥပမိရုပ်ကောင်းမွန်စေရေး၊ တိုးလ်ဂိတ်များ၌ လမ်းအသုံးပြုခကောက်ခံရာတွင် ယာဉ်စာရင်းအရေအတွက်နှင့် ကောက်ခံရရှိငွေမှန်ကန်စွာ စာရင်းရေးသွင်းရေး၊ တိုးလ်ဂိတ်များ အားလုံး CCTV တပ်ဆင်ထားပြီး Computer စနစ်ဖြင့် ကောက်ခံစေရေး၊ ကောက်ခံရရှိငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ကောက်ခံရရှိမှု စာရင်းဇယားများ ရေးသွင်းရာတွင် ရုံးချုပ်မှသတ်မှတ်ထားသည့်ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) တစ်လျှောက်ရှိ တိုးလ်ဂိတ်များဖြစ်သည့် တောင်ငူမီနီတိုးလ်ဂိတ်၊ အုတ်တွင်းမီနီတိုးလ်ဂိတ်၊ ဖြူးတိုးလ်ဂိတ်၊ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၇၅/၄) နှင့် (၇၆/၂)ကြား (အသွားလမ်း) AC ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဒရယ်မီးမီနီတိုးလ်ဂိတ်၊ ဘောနက်ကြီး မီနီတိုးလ်ဂိတ်၊ အမှတ်(၃) လမ်းဆုံတိုးလ်ဂိတ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖျာပုံခရိုင်စားသုံးသူရေးရာဦးစီးဌာန၌ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

**ဖျာပုံ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လေးမြို့နယ်ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အဆိုပါခရိုင်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးထွေးသိမ်းက အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**



ထို့နောက် ဖျာပုံမြို့နယ်ဦးစီးမှူး ဦးမင်းဇော်က သတင်းရေးသားရာတွင် သိရှိလိုက်နာပါဝင်ရမည့် အခြေခံ အချက်အလက်များကိုလည်းကောင်း၊ ဦးစီးမှူး(ဌာနခွဲတာဝန်ခံ) ဒေါ်ကေသွယ်ဝင်းက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာကိစ္စရပ်များနှင့် စားသုံးသူကာကွယ်ရေး အသိပညာပေးဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး (ဌာနခွဲတာဝန်ခံ) ဒေါ်အိအိခိုင်က မူဝါဒ လေ့လာရေး၊ စီမံကိန်းစာရင်းအင်းနှင့် ပတ်သက်၍ လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆိုင်ရာကဏ္ဍများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးစံက ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနဌာနလုပ်ငန်းလည်ပတ်ပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ ဒေါ်သွင်မာလွင် ဒုတိယဦးစီးမှူး (ဌာနခွဲတာဝန်ခံ)က စီမံရေးရာလုပ်ငန်းများနှင့် ဝန်ထမ်းခွင့်ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးပို့ချပြီး သင်တန်းသား သင်တန်းသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြား ဆွေးနွေးသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်ကြာ ပို့ချမည်ဖြစ်ပြီး ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၁၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သိဒ္ဓိအောင်**

**ကယားပြည်နယ် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၆ ရက်က မြို့နယ် မီးသတ်ဦးစီးမှူး ဦးညီထွေးဦး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့ဝင်များ ဈေးဆိုင်ခန်းများကို စစ်ဆေးစဉ်။**

မောင်ကောင်း



# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှုများ SOP နှင့်အညီ ရှင်းလင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှုများ SOPနှင့်အညီ ရှင်းလင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စိုက်ပျိုးမြေများသုံးစွဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် ကျူးလွန်သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လယ်ယာမြေများ၊ စိုက်ပျိုးမြေများ မလျော့ပါးစေရေး၊ လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ အခြားနည်း ကျူးလွန်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် SOPနှင့်အညီ ဘက်စုံထောင့်စုံစိစစ်ပြီး စနစ်တကျဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုများနှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ဆောင်းသီးနှံများကို စိုက်ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးညီညီမင်းနှင့် နေပြည်တော်ဌာနဆိုင်ရာများက နေပြည်တော်ကောင်စီအတွင်းရှိ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှုများကို SOP နှင့်အညီ စီမံဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ဖြည့်စွက်ဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်




**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများနှင့် နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသည့်အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် မန္တလေးတိုင်းဒေသကြီးမှ အားကစားသမား ၂၂၃ ဦး၊ နည်းပြ ၁၁၀ ဖြင့် အားကစားနည်း ၂၄ မျိုးတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အားကစားနည်းများအလိုက် ရွှေတံဆိပ်အခု ၃၀၊ ငွေတံဆိပ် ၃၉ ခု၊ ကြေးတံဆိပ် ၅၁ ခု စုစုပေါင်း ၁၂၀ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဌေးလှိုင် မှော်ဘီခရိုင်ဦးစီးမှူးရုံး လုပ်ငန်းဆောင်ရွက်မှုကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး မှော်ဘီမြို့နယ် ဦးစီးမှူးရုံး၌ e-ID စနစ်ဖြင့် Biographic Data နှင့် Biometric Data များ ကောက်ယူ၍ Unique ID နံပါတ် ထုတ်ပေးနေမှု၊ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုနှင့်မှတ်တမ်းခန်း၌ ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မှော်ဘီခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အတွက် လက်ရှိ ဦးစားပေးလုပ်ငန်းများဖြစ်သည့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်းကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဥပဒေနှင့်အညီ ထုတ်ပေးခြင်း၊e-ID စနစ်အတွက် လူတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်း၊ မဲစာရင်းတိကျမှန်ကန်စွာ ပြုစုနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းစသည့်လုပ်ငန်းများကို ဒေသအာဏာပိုင်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို နှိုင်းယှဉ်သုံးသပ်အတည်ပြုကာ တိကျမှန်ကန်သည့် မဲစာရင်းပြုစုဆောင်ရွက်သွားမည့်အခြေအနေ၊ ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးကို တည်ဆဲဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# လောကပါလတရားမှသည် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဆီ ...

**စွမ်းပြည့်**

ယနေ့ ကမ္ဘာ့အခြေအနေအရပ်ရပ်ကို လေ့လာကြည့်ပါ။

အချို့သော နိုင်ငံတွေမှာ အချုပ်အခြာအာဏာ အလုံးစုံပျက်သုဉ်းခြင်း ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်းကင်းမဲ့နေခြင်း အခြေအနေမျိုးစုံ တွေ့မြင်နေရတယ်။ တစ်ပါးနိုင်ငံ၊ အဖွဲ့အစည်းတစ်ခုခုရဲ့ စစ်ရေးအရ၊ စီးပွားရေးအရ၊ သံတမန်ရေးအရ လွှမ်းမိုးခြင်းခံရပြီး အမှီအခိုမကင်း အစောင့်ရှောက်ခံဘဝနဲ့ နေရတဲ့နိုင်ငံတွေလည်း ရှိနေတယ်။ အချို့ နိုင်ငံတွေမှာ မိမိအချုပ်အခြာအာဏာ ကျိုးပဲ့မသွားအောင်ကို မနည်းရုန်းကန်နေရတဲ့ အနေအထားတွေလည်း တွေ့နေရတယ်။

ဒီလိုနိုင်ငံတွေရဲ့ လွတ်လပ်ရေးက တကယ့်စစ်မှန်တဲ့ လွတ်လပ်ရေးဖြစ်ပါသလား၊ ထိုနိုင်ငံတွေရဲ့ လွတ်လပ်ရေးအနှစ်သာရက ဘာလဲ၊ လွတ်လပ်ရေးရဲ့အရသာကို ထိုနိုင်ငံက ပြည်သူပြည်သားတွေ အပြည့်အဝခံစားစံစားနိုင်ကြပါရဲ့လား။

## သတိပြုရမယ့် လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေ အကြောင်းတရားများ

နယ်ချဲ့လက်အောက် ကျွန်သဘောက်ဘဝနဲ့ ဆုံးရှုံးခဲ့ရတဲ့ အချုပ်အခြာအာဏာကို ပြန်လည်တိုက်ခိုက်ရယူပြီး ကိုလိုနီနယ်ချဲ့လက်အောက်က ပြန်လည်လွတ်မြောက်တဲ့နေ့၊ မိမိအချုပ်အခြာအာဏာပြန်တည်တဲ့နေ့ကို လွတ်လပ်ရေးနေ့၊ အမျိုးသားနေ့စသဖြင့် နိုင်ငံအများစုက သတ်မှတ်ကြတယ်။

မြန်မာနိုင်ငံကတော့ နယ်ချဲ့အင်္ဂလိပ်လက်အောက်ကလွတ်မြောက်ပြီး လွတ်လပ်ရေးရခဲ့တာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် ၇၇ နှစ်တိုင် ရှိခဲ့ပါပြီ။ သို့ပေမယ့် မြန်မာပြည်သူလူထုကြီးအနေနဲ့တော့ ရရှိပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးရေး တိုက်ပွဲဝင်နေကြရဆဲပါ။ မြန်မာပြည်သူအများစုကြီးက လွတ်လပ်ရေးကို တန်ဖိုးထားပါတယ်။ ဒါကြောင့်လည်း အချုပ်အခြာ ထိပါးခံရမယ့်အခြေအနေရောက်တိုင်း အသက်သွေးချွေးစတေးပြီး ကာကွယ်စောင့်ရှောက်ကြတဲ့ သမိုင်းအစဉ်အလာ ရှိခဲ့တာဖြစ်ပါတယ်။

အတိတ်သမိုင်းချင်းမတူ၊ သမိုင်းကိုဆက်ခံပုံချင်းမတူကြတဲ့ နိုင်ငံတွေမှာ လွတ်လပ်ရေးကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ကြပါသလဲ။ ကောင်းလို့၊ ကြိုက်လို့ကျင့်သုံးနေတဲ့ စနစ်တစ်ခု၊ ဒီစနစ်ကို ဘယ်လိုကာကွယ်နေကြပါသလဲ။ ဒါကို နမူနာယူပြီး ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေ၊ အချုပ်အခြာထိပါးနိုင်ခြေရှိတဲ့ အကြောင်းတရားတွေကို ဘယ်သူတွေကဖန်တီးနေကြပါသလဲ။ သတိမမူဂူမမြင်ဆိုသလို ပေါ့ပေါ့ဆဆ မနေဘဲ သတိတရားလက်ကိုင်ထားပြီး အလေးအနက်ထားရမယ့် အနေအထားတစ်ခုမှာ ရောက်နေကြောင်း ဂရုပြုကြရပါမယ်။

## လွတ်လပ်ခြင်းကို ရလိုမှုအတွက် အရေးကြီးသော လောကပါလတရား

ဥပမာတစ်ခု တင်ပြရရင် မကြာသေးမီရက်ပိုင်းက ကိုရီးယားမှာဖြစ်ပွားတဲ့ ဆန္ဒပြပွဲတွေကို ကြည့်လိုက်ပါ။ ဒီမိုကရေစီကျင့်စဉ်တွေနဲ့ ကျင့်သားရနေတဲ့ စုစုစည်းစည်း၊ ညီညီညာညာ ဆန္ဒပြနေတဲ့ မြင်ကွင်းတွေကို တစေ့တစောင်း ငေးမောမိပါလိမ့်မယ်။ ဆန္ဒပြ ကိုရီးယားပြည်သူတွေဟာ အခြားသော ပြည်သူတွေ၊ ဝန်ထမ်းတွေသွားလမ်း၊ လာလမ်း မသာအောင် ကားတွေနဲ့ပိတ်၊ တာယာတွေမီးရှို့ပြီး လမ်းမပိတ်ခဲ့ကြပါဘူး။

စားဝတ်နေရေးအတွက် လှုပ်ရှားနေကြရတဲ့ ပြည်သူတွေအပေါ်မှာ အနှောင့်အယှက်မပေး၊ စာနာနားလည်မှုပေးခဲ့ကြတယ်။ ခံယူချက် မတူသူတွေအပေါ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းဖွယ်အပြုအမူတွေနဲ့ ရန်မရှာ၊ မသတ်ဖြတ်ခဲ့ကြဘူး။ တစ်ပါးသူအခွင့်အရေးကို မပိတ်ပင်၊ လူ့ကျင့်ဝတ်နဲ့အညီ လူသားဆန်တာတွေ့ရတယ်။ အလုပ်ရုံ၊ စက်ရုံတွေပိတ်ခိုင်းတာမျိုး၊ လူ့ကျင့်ဝတ်ကို သင်ကြားပေးတဲ့ ကျောင်းတွေကို အတင်းအဓမ္မပိတ်ခိုင်းတာမျိုး ကိုရီးယားမှာ ရှိပုံမရပါဘူး။

ကိုရီးယားပြည်သူတွေဟာ သူတို့ရပိုင်ခွင့်ကဘာ၊ ကျင့်ဝတ်ကဘာဆိုတာ သိနားလည်ကြပုံပါပဲ။ ဒါပေမယ့် ဘေးပယောဂကြောင့် အများပြည်သူကို အနှောင့်အယှက်ဖြစ်မယ်၊ အများပိုင် အဆောက်အအုံတွေ၊ လမ်းတွေပိတ်ပြီး အကြမ်းဖက်လာမယ်ဆိုရင်တော့ ကိုရီးယားအစိုးရကလည်း မနေသာဘဲ တာဝန်နဲ့အညီ နှိမ်နင်းရတော့မှာပါ။ ဘယ်နိုင်ငံမှာမဆို ဒီလိုပါပဲ။ ညီညွတ်ခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်းဆိုတာ လွတ်လပ်ခြင်းရဲ့ အနှစ်သာရတစ်ခုပါ။ လွတ်လပ်ခြင်းရဲ့အနှစ်သာရဆိုတာ စည်းကမ်းရှိတဲ့လူသား၊ စည်းကမ်းနဲ့အညီ ဒီမိုကရေစီကျင့်စဉ်တွေနဲ့အညီ အုပ်ချုပ်တဲ့အစိုးရတွေနဲ့သာ လိုက်ဖက်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ အထက်ပါ အနှစ်သာရမျိုးတွေနဲ့အညီ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးရှိကြပါရဲ့လား ၊ မျှမျှတတ၊ တရားဓမ္မနဲ့အညီ နေထိုင်တတ်ပြီလား။ မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ကြစေလိုပါတယ်။

> ❒ **တချို့သောလက်နက်ကိုင်အဖွဲ့တွေ၊ တချို့သောသူတွေက နိုင်ငံကို မတည်မငြိမ်ဖြစ်အောင် အကြမ်းဖက်ကြတယ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံကနေ တိုက်ခိုက်ကြတယ်။ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားတွေအကြား ညီညွတ်မှုမရှိအောင်၊ အချုပ်အခြာဆုံးရှုံးအောင်၊ ထာဝရမြန်မာဆိုတဲ့တည်မြဲမှုကနေ ရပ်တန့်သွားအောင် ကြံဆောင်နေကြ**
>
> ❒ **တိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးခြင်းဆိုတဲ့ ညီညွတ်မှုစိတ်ဓာတ်မရှိတဲ့အခါ အချင်းချင်းတောင် တန်ဖိုးမထားတော့ဘဲ သမိုင်းကိုပြောင်းပြန်လှန် ခွဲထွက်ချင်နေကြတယ်။ လုပ်ရပ်အားလုံးဟာ တစ်ခုမှကောင်းဖို့မရှိ နိုင်ငံအချုပ်အခြာ တိုင်းရင်းသားလူမျိုးများရဲ့ဖြစ်တည်မှု နိုင်ငံသားတို့ရဲ့စွမ်းပကားအားလုံးကို ကျိုးပဲ့ကြေမွသွားအောင် လုပ်နေသလိုပဲဆိုတာ တွေ့ရ**

## ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတာ

နိုင်ငံတစ်နိုင်ငံမှာ အကြမ်းဖက်မှုတွေ ထူပြောနေမယ်၊ စစ်မက်ရေးရာတွေ များပြားလာမယ်၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး မတည်မငြိမ်ဖြစ်မယ်ဆိုရင် ဒီအင်္ဂါရပ်တွေဟာ အချုပ်အခြာအာဏာကင်းမဲ့ခြင်းဆီ ဦးတည်သွားနိုင်ပါတယ်။ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ချင်းစာတရားခေါင်းပါးမှု၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားခေါင်းပါးမှုတို့ကြောင့် အကြမ်းဖက်မှုတွေ ဖြစ်ရတယ်။ လူလူချင်းလိမ်ညာကောက်ကျစ်ပြီး မတရားမှုတွေ ကြီးစိုးတဲ့ဝန်းကျင်မှာ ဘယ်နည်းနဲ့မှ တရားဥပဒေစိုးမိုးမှုမရှိနိုင်သလို တရားမဲ့ပြုကျင့်မှုတွေသာလျှင် ကြီးစိုးနေမှာဖြစ်ပါတယ်။

အကြမ်းဖက်မှုမရှိ၊ တရားဥပဒေစိုးမိုးမှုရှိတဲ့ လူ့အဖွဲ့အစည်းကသာ လူတစ်ဦး၊ တစ်ယောက်ချင်းအတွက်ကော နိုင်ငံအတွက်ပါ မိမိကံကြမ္မာ မိမိဖန်တီးခွင့်ဆိုတဲ့ရပိုင်ခွင့်ကို ပေးပါတယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတာဟာ နိုင်ငံသားတိုင်းအတွက် အလွန်အရေးကြီးတဲ့ မွေးရာပါအခွင့်အရေးတစ်ခုပါ။ မြန်မာနိုင်ငံက မြန်မာလူမျိုးတွေအနေနဲ့တော့ မိမိအစိုးရနဲ့ မိမိနိုင်ငံ၊ သမိုင်းအစဉ်အဆက်တည်ရှိတဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ဘာသာတရား၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ တိကျတဲ့နယ်နိမိတ်နဲ့ လူဦးရေ၊ မည်သည့်နိုင်ငံနဲ့မဆို လွတ်လွတ်လပ်လပ် ဆက်ဆံနိုင်တဲ့ သံတမန်ဆက်ဆံရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဘယ်သူ့ကိုမှမမှီခိုရဘဲ ရှင်သန်ရပ်တည်နိုင်ခြင်း စသည်ဖြင့် အပြည့်အဝလွတ်လပ်တဲ့၊ အကြွင်းမဲ့အချုပ်အခြာအာဏာပိုင်တဲ့၊ လွတ်လပ်တဲ့ လူမျိုးတွေအဖြစ် ရပ်တည်နိုင်တာကို ပြသနေခြင်းဖြစ်ပါတယ်။

## အရေးသုံးပါးအပေါ် ဘက်ပေါင်းစုံကထိုးနှက်မှုတွေ

ဒါပေမယ့် ဒီလက္ခဏာတွေက ထာဝရတည်မြဲနေဖို့ လိုအပ်ပါတယ်။ နိုင်ငံကို တာဝန်ယူဦးဆောင်နေတဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီအရေးကြီးတဲ့ အချက်တွေ ထာဝရတည်တံ့ခိုင်မြဲနေအောင်၊ ပြည်သူတွေ တိုင်းရင်းသားတွေနဲ့အတူ ကြိုးစားလုပ်ဆောင်ပေးနေတယ်။ ပြဿနာက နိုင်ငံတွင်းမှာ ထိုအင်္ဂါရပ်တွေ တစ်စစီကျိုးပျက်သွားအောင် ချိုးဖဲ့ရိုက်ချိုးနေတဲ့ ပြည်တွင်းပြည်ပထိုးနှက်ချက်တွေ ရှိနေတယ်ဆိုတဲ့အချက်ပဲ။

တချို့သောလက်နက်ကိုင်အဖွဲ့တွေ၊ တချို့သောသူတွေက နိုင်ငံကို မတည်မငြိမ်ဖြစ်အောင် အကြမ်းဖက်ကြတယ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံကနေ တိုက်ခိုက်ကြတယ်။ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားတွေအကြား ညီညွတ်မှုမရှိအောင်၊ အချုပ်အခြာဆုံးရှုံးအောင်၊ ထာဝရမြန်မာဆိုတဲ့တည်မြဲမှုကနေ ရပ်တန့်သွားအောင် ကြံဆောင်နေကြတယ်။

နိုင်ငံနဲ့လူမျိုးအပြီးတိုင် လုံးဝဥဿုံပြိုလဲပျက်စီးအောင်ကို အစွမ်းကုန်ကြံဆောင်နေကြတာ ဖြစ်တယ်။ သူတို့မှာ ပြည်ထောင်စုစိတ်ဓာတ်မရှိတဲ့အခါ ပြည်ထောင်စုကို တန်ဖိုးမထားတတ်ဘူး၊ နိုင်ငံတွင်းမှီတင်းနေထိုင်သူအားလုံး၊ ကချင်၊ ကယား ၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအားလုံး ကပြားသွေးနှောဆက်စပ်ကြသူချည်းပဲ၊ ဒီမြေ၊ ဒီရေ၊ ဒီလေကို အားလုံးကပိုင်၊ အားလုံးနဲ့ဆိုင်ပါတယ်၊ ခွဲထွက်ခွင့် မရှိရပါဘူး။ တိုင်းရင်းသားလူမျိုး အားလုံး စည်းလုံးခြင်းဆိုတဲ့ ညီညွတ်မှုစိတ်ဓာတ်မရှိတဲ့အခါ အချင်းချင်းတောင် တန်ဖိုးမထားတော့ဘဲ သမိုင်းကို ပြောင်းပြန်လှန် ခွဲထွက်ချင်နေကြတယ်။ လုပ်ရပ်အားလုံးဟာ တစ်ခုမှကောင်းဖို့မရှိ၊ နိုင်ငံအချုပ်အခြာ တိုင်းရင်းသားလူမျိုးများရဲ့ဖြစ်တည်မှု နိုင်ငံသားတို့ရဲ့စွမ်းပကားအားလုံးကို ကျိုးပဲ့ကြေမွသွားအောင် လုပ်နေသလိုပဲဆိုတာ တွေ့ရမယ်။

## နိုင်ငံအကြီးအကဲ၏ မှာကြားချက်များကို ထင်ဟပ်၍

ဒီနေရာမှာ နိုင်ငံသားတွေရဲ့စွမ်းပကား ယိမ်းယိုင်မှုကို အနည်းငယ် တင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အပြန်အလှန်ဆက်စပ်နေတဲ့အတွက် ငြိမ်းချမ်းမှုမရှိ၊ တည်ငြိမ်မှုပျက်ပြားခြင်းဟာ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းမှာ အားနည်းချက်တွေကို ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကိုပါ ထိခိုက်စေတယ်ဆိုတဲ့ အချက်ကို မျက်ခြည်ပြတ်လို့မရပါဘူး။ နိုင်ငံသားတွေရဲ့ အရည်အသွေးကို ဆုတ်ယုတ်စေတယ် ဆိုရာမှာ ညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ ထင်သာမြင်သာရှိမှု၊ အဂတိတရားစတဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်မှာ အားနည်းချက်တွေရှိလာတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို ထိခိုက်လာနိုင်တဲ့ အခုလို အကြောင်းတရားတွေကို နောက်ဆုံးပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတစ်ခုမှာ နိုင်ငံအကြီးအကဲရဲ့ ထောက်ပြချက်တွေနဲ့ ထင်ဟပ်ပြီး

*စာမျက်နှာ ၁၁ သို့*

> ❖ **ကိုရီးယားမှာဖြစ်ပွားတဲ့ ဆန္ဒပြပွဲတွေကို ကြည့်လိုက်ပါ။ ဒီမိုကရေစီကျင့်စဉ်တွေနဲ့ ကျင့်သားရနေတဲ့ စုစုစည်းစည်း၊ ညီညီညာညာ ဆန္ဒပြနေတဲ့မြင်ကွင်းတွေကို တစေ့တစောင်း ငေးမောမိပါလိမ့်မယ်။ ဆန္ဒပြ ကိုရီးယားပြည်သူတွေဟာ အခြားသော ပြည်သူတွေ၊ ဝန်ထမ်းတွေသွားလမ်း၊ လာလမ်း မသာအောင် ကားတွေနဲ့ပိတ်၊ တာယာတွေ မီးရှို့ပြီး လမ်းမပိတ်ခဲ့ကြပါဘူး**
>
> ❖ **ကိုရီးယားပြည်သူတွေဟာ သူတို့ရပိုင်ခွင့်ကဘာ၊ ကျင့်ဝတ်ကဘာဆိုတာ သိနားလည်ကြပုံပါပဲ။ ဒါပေမယ့် ဘေးပယောဂကြောင့် အများပြည်သူကို အနှောင့်အယှက်ဖြစ်မယ်၊ အများပိုင်အဆောက်အအုံတွေ၊ လမ်းတွေပိတ်ပြီး အကြမ်းဖက်လာမယ် ဆိုရင်တော့ ကိုရီးယားအစိုးရကလည်း မနေသာဘဲ တာဝန်နဲ့အညီ နှိမ်နင်းရတော့မှာပါ**

# ကောင်းမှုလုန်စေတီတော်နှင့် ကျောက်နဂါးအား ဖူးမြော်ကြည်ညို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ပူတာအို ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၅ ရက် က ကောင်းမှုလုန် စေတီတော်နှင့် ကျောက်နဂါးအားဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ သည် မချမ်းဘောမြို့နယ်တွင် တည်ထားကိုးကွယ် သော ကောင်းမှုလုန်စေတီတော်သို့ရောက်ရှိပြီး လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညို ကာ ပြည်နယ်ဝန်ကြီးများက ကချင်ပြည်နယ်အစိုးရ အဖွဲ့မှ ကောင်းမှုလုန်စေတီတော် ဘက်စုံပြုပြင် မွမ်းမံရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ကောင်းမှုလုန်စေတီတော် ဂေါပကဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက လက်ခံရယူသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တာဝန် ရှိသူများသည် မချမ်းဘောမြို့နယ် အင်ဘူးဘော့ ကျေးရွာအနီး တောင်သူဦးဇော်တောင်က နိုင်ငံ့ စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဧကရှစ်ဧကတွင် ဂရိတ်ဖရုသီး၊ သံပရာသီးနှင့် အသီးမျိုးစုံ အပင် ပေါင်း ၁၂၀၀ ခန့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုနှင့် အသီးခြံတွင် သီးထပ်သီးညှပ်အဖြစ် ဆီမုန်ညင်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျောက်နဂါးကို ဖူးမြော်ကြည်ညို ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးများသည် ပူတာအို မြို့ ဒုတ္ထန်ရပ်ကွက် အထက်နမ့်ထွမ်ချောင်းတွင် တည်ဆောက်ထားသော ၃ ဒသမ ၂ မဂ္ဂါဝပ် ထွက်ရှိ သည့် အထက်နမ့်ထွမ် ရေအားလျှပ်စစ်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေ အနေနှင့် ဆန်ဂေါင်ကျေးရွာအနီးတွင် ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၅၇ ဒသမ ၅၀၀ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆန်ဂေါင်ရေလွှဲဆည် ရေကျအဆောက်အအုံ အသစ် တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြ ချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ်ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးရေး နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်း ဆပ်ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက်က မော်လမြိုင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လူထုအခြေပြု ဗဟို ဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးအလုပ် သမားပပျောက်ရေး အသိပညာ ပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌ သယံဇာတရေးရာဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန် က အမှာစကား ပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင် ရည်မြှင့်တင်ရေးလုပ်ငန်း ဆပ် ကော်မတီအတွင်းရေးမှူး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွှန့်နိုင်က ကလေးအလုပ် သမားပပျောက်ရေး အသိပညာ ပေးရေး လုပ်ငန်းစဉ်များ၊ စွမ်း ဆောင်ရည် မြှင့်တင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးနိုင်မှု များ၊ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံများဖြင့် အလုပ် လုပ်ကိုင်ခြင်းမှ ကာကွယ်နိုင်ရန် အလုပ်ရှင်များအား အသိပညာ ပေးခြင်း၊ မိသားစုအခက်အခဲများ ကြောင့် ကလေးငယ်များအား အလုပ်လုပ်ကိုင်ခြင်းမှ တားဆီး ကာကွယ်ရန် အသိပညာပေးခြင်း များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Billboard များ စိုက်ထူခြင်း လုပ်ငန်းများအကြောင်း တို့ကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် တက်ရောက်လာ သည့် ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေးရေး နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီ အဖွဲ့ဝင် များက ၎င်းတို့ လုပ်ဆောင်နေ ကြသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ကလေး အလုပ်သမားပပျောက်ရေး အသိ ပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်း ဆပ်ကော် မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့က ပြန်လည်ဖြေကြားဆွေးနွေး ပေးပြီး ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးရေး နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ သယံဇာတရေးရာ ဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန် က နိဂုံးချုပ်အမှာစကားပြောကြား ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ရပ်စောက်မြို့နယ်၌ မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ရပ်စောက် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်း တွင် တာဝန်ရှိသူများက ကျောက်တောခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးစိုးမောင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်နှင့် တာဝန်ရှိသူများသည် ကျောက်တော ခေတ်မီစံပြကျေးရွာတွင် အရှည်သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေတားတမံတည်ဆောက်ခြင်း လုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်တောခေတ်မီစံပြကျေးရွာတွင် အဆိုပါရေရရှိရေး လုပ်ငန်း များကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေကျပ် ၁၃၇ ဒသမ ၆၁ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

**မောင်ခိုင်**



*စာမျက်နှာ ၁၀ မှ*

သုံးသပ်ကြည့်နိုင်ပါတယ်။ နိုင်ငံတော်ရဲ့ရည်မှန်း ချက်၊ နိုင်ငံရေးမျှော်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်တွေ၊ ဦးတည်ချက်တွေ ချမှတ်ထားရာမှာ လုပ်ငန်းတွေ အောင်မြင်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်ပြီးတာဝန်ပေး မှ ဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်တာ အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ မှာကြား ချက်ကို တွေ့ရပါတယ်။

ဒီအစည်းအဝေးမှာ အားသာချက်တွေသာမက အားနည်းချက်တွေကိုပါ ထောက်ပြသွားတာကို သတိထားမိပါတယ်။ အဓိကအချက်က စီးပွားရေး အပိုင်းပါ။ ရရှိတဲ့အချိန် အကန့်အသတ်အတွင်းမှာ ကိုဗစ်- ၁၉၊ နိုင်ငံရေးအကျပ်အတည်းနဲ့ ထပ်ဆင့် လက်နက်ကိုင် ပဋိပက္ခတွေဟာ ရှိခဲ့ရှိဆဲ အကြောင်း တရားတွေဖြစ်ပါတယ်။ သို့ပေမယ့် လက်ရှိစီးပွားရေး တိုးတက်မှု အားနည်းနေတဲ့အပိုင်းမှာ ကိန်းဂဏန်း အချက်အလက်တွေ မှန်ကန်ဖို့၊ စီမံကိန်းရေးဆွဲရာမှာ မမှားဖို့၊ လက်တွေ့ကျပြီး ပြည်သူကို အမှန်တကယ် အကျိုးပြုတဲ့အသေးစိတ်စီမံကိန်းတွေဖြစ်ဖို့၊ မြေပြင် အခြေအနေမှန်ကို လေ့လာသုံးသပ်ပြီးမှ နိုင်ငံ့ ဘဏ္ဍာငွေကို ထိထိရောက်ရောက်သုံးစွဲဖို့ ထောက်ပြ ခဲ့ခြင်းတွေဟာ မြေပြင်မှာ တကယ်လက်တွေ့ ဆောင်ရွက်နေရသူတွေအတွက် အကျိုးရှိစေတဲ့ မှာကြားချက်တွေ ဖြစ်ပါတယ်။

အားနည်းချက်၊ အားသာချက်ကို သုံးသပ်နိုင်ဖို့ အခြေခံကိန်းဂဏန်းက အရေးကြီးသလို ဥပမာပေး ထောက်ပြခဲ့တဲ့ အချို့သောအရေးကြီးကုန်စည် တွေရဲ့ ပြည်တွင်းပိုလျှံမှုနဲ့ ပြည်ပတင်ပို့မှု စာရင်း ကွာခြားချက်မျိုးတွေကြောင့် မူလချမှတ်ထားတဲ့ ရည်မှန်းချက်တွေနဲ့ ဝေးသွားစေနိုင်ကြောင်းကို သုံးသပ်ကြည့်နိုင်ပါတယ်။ ဒါ့အပြင် လက်ရှိ စားသောက်ကုန်ဈေးနှုန်းတွေ ကြီးမြင့်နေတဲ့ ကိစ္စ ကိုပါ ထောက်ပြခဲ့ပြီး ပြည်သူလူထုသက်သာအောင် ကြိုးစားဆောင်ရွက်ပေးဖို့နဲ့ အဓိကအချက်က ကုန်ထုတ်လုပ်မှုတိုးမြှင့်ဖို့ လိုအပ်တဲ့အချက်တွေကို မှာကြားခဲ့တာ တွေ့ရပါတယ်။

ပြည်သူ့လူမှုစီးပွားဘဝတွေ တိုးတက်ဖို့အရေး မှာ အရေးပါတဲ့ လူသားအရင်းအမြစ် အမြောက် အမြား ဆုံးရှုံးနေတဲ့ကိစ္စအပြင် လုပ်ပြီးတဲ့ လုပ်ငန်း တစ်ခုကို အစဉ်မပြတ်တိုးတက်မှုရှိနေဖို့ မှာကြား မှုတွေကိုလည်း သတိထားမိပါတယ်။ မှာကြားချက် တွေဟာ အခြေအနေ၊ အချိန်အခါနဲ့အညီ သင့်လျော် မှန်ကန်တဲ့ အချက်တွေဖြစ်နေပါတယ်။ လွတ်လပ် ရေးဆုံးရှုံးရခြင်း အကြောင်းတရားတွေအနက် တစ်ခုဖြစ်စေနိုင်တဲ့ စီးပွားရေးကဏ္ဍအတွက် ပြုပြင် ပြင်ဆင်ရမယ့် လိုအပ်ချက်တွေပါပဲ။

ပူးပေါင်းဆောင်ရွက်မှုတိုင်း၊ အဖွဲ့အစည်းကို ဦးဆောင်မှုပြုတိုင်းမှာ မိမိအဖွဲ့ရဲ့ အားနည်းချက်၊ အားသာချက်ကို ပွင့်ပွင့်လင်းလင်းဝေဖန်သုံးသပ် ပြခြင်းဟာ တိုးတက်မှုအတွက် ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်တစ်ခုပါ။ လုပ်ငန်းအောင်မြင်ချင်ရင် တိုးတက်မှုကို ဆန်းစစ်နေရမယ်၊ အကဲဖြတ်နေရ ပါမယ်။ အခုလို လမ်းညွှန်ချက်တွေအပေါ်အခြေခံပြီး ကျွန်တော်တို့နိုင်ငံမှာ ပြည်ထောင်စုကြီးပြိုကွဲစေ မယ့် အကြောင်းတရားတွေ၊ စည်းလုံးညီညွတ်မှု ကို လွှမ်းမိုးနေတဲ့လက္ခဏာတွေ၊ အချုပ်အခြာ အာဏာဆုံးရှုံးစေမယ့် အမှတ်အသားတွေကို အစဉ် လေ့လာဆန်းစစ်သုံးသပ်နေရမှာဖြစ်ပါတယ်။

အခုလို ခက်ခဲတဲ့ကာလတစ်ခု၊ အခြေအနေ တစ်ခုကို အားလုံးဖြတ်သန်းနေရချိန်မှာ အကြောင်း တွေ ပေါင်းစုံညီညွတ်လို့ ဖြစ်လာတဲ့ အကျိုးတရား တွေအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်လေ့လာရင်း အမှားကိုပြင်၊ အမှန်ကိုဆောင်ရွက်၊ အခွင့်အလမ်းမှန် သမျှ ဆုပ်ကိုင်နိုင်ရမှာလည်း ဖြစ်ပါတယ်။ ဒါမှသာ အမြော်အမြင်ရှိရှိ၊ ပညာဉာဏ်ရှိရှိ ဆုံးဖြတ်လုပ်ကိုင် နိုင်မှာဖြစ်ပြီး နိုင်ငံနဲ့အချုပ်အခြာကို ကာကွယ်စောင့် ရှောက်ရာလည်း ရောက်မှာဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါတယ်။ ။

# (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားများ ခမ်းနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး၊ ၂၀၂၅ ခုနှစ် နှစ်ကူးကြိုဆိုပွဲ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြစ်ကြီးနား ဒီဇင်ဘာ ၂၆

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ယခင်နှစ်များနှင့်မတူ ပိုမိုခမ်းနားထည်ဝါစွာ၊ ရင်းနှီးထွေးနွေးပျော်ရွှင်စွာ ကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။**




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လာမည့်၂၀၂၅ ခုနှစ်(၇၇)နှစ်မြောက်ကချင်ပြည်နယ်နေ့ အခမ်းအနားကို နှစ်စဉ် အစဉ်အလာမပျက်၊ အနှစ်သာရရှိစွာဖြင့် အလေးအနက်ထား ကျင်းပသွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ အထူးသဖြင့် အခမ်းအနားများကျင်းပရာတွင် ခမ်းနားထည်ဝါစွာ၊ ရင်းနှီးထွေးနွေးပျော်ရွှင်စွာ မိသားစုပုံစံဖြင့် ကျင်းပရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားများအတွက် ဇန်နဝါရီ ၈ ရက်မှ စတင်၍ ဇန်နဝါရီ ၁၁ ရက်အထိ ကျင်းပမည့် အစီအမံများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းတင်ပြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်နယ်နေ့ အထိမ်းအမှတ်အဖွင့်မနေ့နှင့် အပိတ်မနေ့၊ သဝဏ်လွှာဖတ်ပွဲအခမ်းအနားနှင့် ဒေသထွက်ထုတ်ကုန်ပစ္စည်းပြခန်းများ၊ သစ်သီးဝလံပြပွဲ/ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပသွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက တင်ပြချက်များအပေါ် ဖြည့်စွက်သုံးသပ်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်နေ့ အထိမ်းအမှတ်ရောဝတီရှုခင်းသာအပန်းဖြေစခန်းဖွင့်ပွဲနှင့် ကချင်ပြည်နယ်ယဉ်ကျေးမှုပြတိုက် တိုးချဲ့အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများ ကျင်းပသွားမည့်အစီအစဉ်များနှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကူးကြိုဆိုပွဲအခမ်းအနားကို အဆိုပါ ရောဝတီရှုခင်းသာ အပန်းဖြေစခန်းအတွင်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အစည်းအဝေးအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ရောရပ်ကွက်အတွင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်နယ်ယဉ်ကျေးမှုပြတိုက်ဝင်းအတွင်း ယဉ်ကျေးမှုပြတိုက် နှစ်ထပ်အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ပြတိုက်အဆောက်အအုံသစ် မြေညီထပ်တွင် ဖွင့်လှစ်ပြသသွားမည့် ပြခန်းပြကွက်အစီအမံများ ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကချင်ပြည်နယ် ယဉ်ကျေးမှုပြတိုက် အဆောက်အအုံသစ်ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၉၉၄ ဒသမ ၈၈၀ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်ခဲ့သည့် အလျားပေ ၆၀၊ အနံပေ ၁၂၀၊ အမြင့် ၃၂ ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး ဒီဇင်ဘာ ၂၆**

(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပရာတွင် ချင်းလူမျိုးများ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ ပေါ်လွင်စေရန်နှင့် စည်းလုံးညီညွတ်မှုကို တိုးတက်ထွန်းကားစေရေးတို့အတွက် အကောင်းဆုံးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းထားသည့် ကော်မတီများ၏ တာဝန်ရှိသူများအားလုံး အချိတ်အဆက်မိမိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မိုးဟိန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှ၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် တင်ပြလိုသည့် အချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် နာယက၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❒ *ကျောဖုံးမှ*

ဘာနာဒို ဆေးဗားလ် အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

အဲဗာတန်အသင်းက ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၃၆ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါချေပဂိုးကို အင်ဒီယာယီက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် ထိုးဖောက် တိုက်စစ်ဆင်မှုရှိခဲ့သော်လည်း ပထမပိုင်းကို သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်းတွင် မန်စီးတီးအသင်းကသာ ပွဲကို ထိန်းချုပ်ကစားနိုင်ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ပွဲကစားချိန် ၅၃ မိနစ်တွင် မန်စီးတီးအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ အသင်းအဓိက တိုက်စစ်ကစားသမား ဟာလန်း အဆုံးသတ်သွင်းယူမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

မန်စီးတီးအသင်းသည် အဲဗာတန်အသင်းထက် ဂိုးပေါက်ကန်သွင်းမှု၊ ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးမှုပိုင်းတို့တွင် သိသိသာသာ သာလွန်မှုရှိခဲ့သည်။ အဲဗာတန်အသင်းကလည်း တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် မန်စီးတီးအသင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် အဲဗာတန်အသင်းဘက်သို့ ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး လေးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း လေးကြိမ်စလုံး ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းမရှိခဲ့ပေ။

မန်စီးတီးအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ရှုံးပွဲဆက်မှုကို ရပ်တန့်နိုင်ခဲ့သော်လည်း နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

**အောင်ဇော်**

❍ ***ကျောဖုံးမှ***

နှစ်ကျော့စနစ်ဖြင့် ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် အမှတ်အများဆုံးနှစ်သင်းမှာ ဖူဆယ်လိဂ်-၁ ပြိုင်ပွဲသို့ တန်းတက်ခွင့်ရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစား**

ဒီဇင်ဘာ ၂၈ ရက်တွင် ပြုလုပ်မည့် ပွဲစဉ် (၁) တွင် TG United အသင်းနှင့် Black Cross အသင်း၊ 7 Brother အသင်းနှင့် Maryar အသင်း၊ 7 Dragon အသင်းနှင့် KKY အသင်း၊ Pacific Sun Far အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း၊ JZ Yangon အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ Gold Dream အသင်းနှင့် YCDC Marga Youth အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# National ICT Awards-2024 (တိုင်းအဆင့်)ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန မန္တလေးတိုင်းပညာရေးမှူးရုံးက ကြီးမှူးကျင်းပသည့် National ICT Awards–2024 (Education Project Skill Competition)(တိုင်းအဆင့်)ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

Computer Skill ပြိုင်ပွဲတွင် မူလတန်း ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ Education Project Skill ပြိုင်ပွဲတွင် ဆရာ ဆရာမ အဖွဲ့ငါးဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်း၊ ညွှန်ကြားရေးမှူး(ပညာ)ဦးအောင်ဆွေဦး၊ မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေလွင်၊ခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဂျပန်လေကြောင်းလိုင်း နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်

**တိုကျို ဒီဇင်ဘာ ၂၆**

ဂျပန်လေကြောင်းလိုင်း ဆိုက်ဘာတိုက်ခိုက်ခံရသည့်အတွက် ပြည်တွင်းနှင့် ပြည်ပခရီးစဉ်အချို့ နှောင့်နှေးကြန့်ကြာမှုများ ပေါ်ပေါက်ခဲ့ရသည်ဟု ဂျပန်လေကြောင်းလိုင်းက ပြောသည်။

ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီ ၂၄ မိနစ်ခန့်က ပြင်ပစနစ်များဖြင့် ဒေတာဆက်သွယ်ရေးအတွက် အသုံးပြုသည့် ၎င်း၏ကွန်ရက်စနစ်တွင် ရှုပ်ထွေးမှုများ ရုတ်တရက်မြင့်မားလာကြောင်း လေကြောင်းလိုင်းက ပြောသည်။ ခရီးသည်အိတ်များ တင်ဆောင်ခြင်း စီမံခန့်ခွဲမှုအပါအဝင် ၎င်း၏စနစ်များတွင် ချွတ်ယွင်းမှုများဖြစ်ပေါ်ခဲ့သည်ဟု ဂျပန်လေကြောင်းလိုင်းက ပြောသည်။

ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းအထိ ပြည်တွင်းလေကြောင်းခရီးစဉ် ၂၄ ခုမှာ မိနစ် ၃၀ မှ ၈၅ မိနစ်အထိ အချိန်နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့သည်။ အချို့သော ပြည်ပခရီးစဉ်များတွင်လည်း နှောင့်နှေးမှုများ ပေါ်ပေါက်ခဲ့သည်။ ဒီဇင်ဘာ ၂၆ ရက်တွင် လေယာဉ်လက်မှတ်ရောင်းချမှုများကို ဆိုင်းငံ့ခဲ့သည်။

လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ခြင်းမရှိဟု ဂျပန်လေကြောင်းလိုင်းက ပြောသည်။ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် ထိခိုက်ထားသည့် စက်ကိရိယာများကို ပိတ်ထားခဲ့ပြီး စနစ်ပြန်လည်စတင်ရန် လုပ်ဆောင်နေကြောင်း လေကြောင်းလိုင်းက ပြောသည်။

အဆိုပါပြဿနာသည် လေကြောင်းပျံသန်းမှုဆိုင်ရာ လုံခြုံရေးကို ထိခိုက်ခြင်းမရှိကြောင်း လေကြောင်းလိုင်းက ပြောသည်။ ယင်းပြဿနာကြောင့် ခရီးသွားအချို့ အဆင်မပြေဖြစ်ရသည့်အတွက် တောင်းပန်ကြောင်း လေကြောင်းလိုင်းက ထုတ်ပြန်ခဲ့သည်။

အင်န်အိတ်ချ်ကေ




# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ တောမီးလောင်မှု မီးသတ်သမားများ မငြိမ်းသတ်နိုင်သေး

**ဆစ်ဒနီ ဒီဇင်ဘာ ၂၆**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ ဒီဇင်ဘာ ၂၆ ရက်က တောမီးလောင်မှုကို ငြိမ်းသတ်ရာတွင် မီးသတ်သမားများ အခက်အခဲများနှင့် ကြုံတွေ့နေရပြီး နောက်ထပ်စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း ဗစ်တိုးရီးယားပြည်နယ် အရေးပေါ်ကိစ္စရပ်များ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မရှင်နာ ရစ်နျူဂျန့်က ပြောသည်။

ဗစ်တိုးရီးယား ပြည်နယ်တစ်ဝန်း မီးသတ်တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားပြီး အပူချိန်မြင့်မားမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် နှစ်ပေါင်းများစွာအတွင်း တောမီးလောင်မှုကို အဆိုးရွားဆုံး အခြေအနေအဖြစ် ကြုံတွေ့နေရသည်။

ဂရန်ပီယန် အမျိုးသားဥယျာဉ်သည် တောမီးကြောင့် မြေဟတ်တာပေါင်း ၅၅၀၀၀ ခန့် မီးလောင်ပျက်စီးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ တိရစ္ဆာန်များသေကျေပျက်စီးမှုနှင့် အဆောက်အအုံများပျက်စီးမှုများ သိသိသာသာဖြစ်ပေါ်ခဲ့သည်။

ယခုအချိန်အထိ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုမရှိသေးဟု ၎င်းက ဆက်ပြောသည်။ ဂရန်ပီယန်ဥယျာဉ်၏ အခြေအနေမှာ လျင်မြန်စွာ ပြောင်းလဲနေကြောင်း ဗစ်တိုးရီးယားပြည်နယ် ထိန်းချုပ်ရေးစင်တာမှ လူ့ခ်က ပြောသည်။

မွန်းလွဲပိုင်းတွင် မျှော်လင့်ထားသည့်အတိုင်း တောမီးလောင်မှု အခြေအနေရှိသော်လည်း လေပြင်းတိုက်ခတ်မှု အပြောင်းအလဲကြောင့် မီးလောင်ပြင်မှာ ပို၍ကျယ်ပြန့်လာကြောင်း ၎င်းက ဆက်ပြောသည်။ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် အနောက်မြောက် လေပြင်းတိုက်ခတ်မှုနှင့်အတူ တောမီးမှာ အရှေ့တောင်ဘက်ပိုင်းသို့ တိုးသွားသည်ကို တွေ့ရသည်။

လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးကျပြီး အဆိုပါဧရိယာမှ ထွက်ခွာရန်ကြိုးပမ်းနေကြသည့် လူများအား ထိခိုက်စေနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။ ဆင်ဟွာ



ဗစ်တိုးရီးယားပြည်နယ် ဂရန်ပီယန်အမျိုးသားဥယျာဉ်၌ တောမီးလောင်မှုကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

# အစ္စရေးနိုင်ငံ၌ ဆိုးရွားသည့် မိုးခေါင်မှုဖြစ် ဂျုံစိုက်ခင်း ၄၀ စတုရန်းကီလိုမီတာကျော် ပျက်စီး

**ဂျေရုဆလင် ဒီဇင်ဘာ ၂၆**

အစ္စရေးနိုင်ငံ၌ မကြာသေးမီက ဆိုးရွားသည့် မိုးခေါင်မှုဖြစ်ပွားသဖြင့် နိုဝင်ဘာလအတွင်း ဂျုံစိုက်ခင်း ၄၀ စတုရန်းကီလိုမီတာကျော် ပျက်စီးခဲ့ရကြောင်း စိုက်ပျိုးရေးဆိုင်ရာ သဘာဝဘေးအန္တရာယ်အတွက် အစ္စရေးနိုင်ငံပိုင် အာမခံရန်ပုံငွေ (ကေအေအင်န်အေတီ) က ဒီဇင်ဘာ ၂၅ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။ နိုင်ငံမြောက်ပိုင်း ချိုင့်ဝှမ်းဒေသများနှင့် တောင်ပိုင်းဒေသအချို့တို့တွင် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံ၏ ဒေသအများစုတွင် ဂျုံသီးနှံများသည် ဆည်ရေများ မရရှိသေးသောကြောင့် အပင်များကြီးထွားမှုအတွက် မိုးရေကို အဓိကအားထားနေရကြောင်း သိရသည်။ သီးနှံစတင်စိုက်ပျိုးသည့် နိုဝင်ဘာလအတွင်းမှစတင်ကာ နိုင်ငံမြောက်ပိုင်းနှင့်တောင်ပိုင်းသီးနှံ စိုက်ပျိုးသည့်ဒေသများတွင် မိုးအနည်းငယ်သာ ရွာသွန်းခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ကေအေအင်န်အေတီသည် ဆိုးရွားသည့် မိုးခေါင်မှုနှင့် ရေကြီးမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ဂျုံစိုက်ပျိုးသူများအား အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ သန်းခန့် နှစ်စဉ်စံချိန်တင်ပမာဏ လျော်ကြေးပေးခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း လက်ရက်ကော်ဇော တန်ချိန် ၃၉၆၀ တင်ပို့

**ကဘူးလ် ဒီဇင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း လက်ယက်ကော်ဇော တန်ချိန် ၃၉၆၀ တင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ခ်ခွန်းဇာဒါ အဒယ်ဆလမ်ဂျာဝပ်က ဒေသတွင်း မီဒီယာသို့ ပြောကြားသည်။ ယခုနှစ်အတွင်း တင်ပို့သည့်ကော်ဇောမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ သန်းကျော် တန်ဖိုးရှိကြောင်း ဂျာဝပ်၏ပြောကြားချက်ကို ကိုးကားပြီး တိုလိုနယူးစ်က ဒီဇင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

တန်ဖိုးကြီးသည့် အာဖဂန်ထုတ်ကုန်များကို ပါကစ္စတန်၊ ဩစတြေးလျ၊ အီရန်၊ တူကီယဲ၊ တာ့ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ဂျာမနီနိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်နစ္စတန် နိုင်ငံ၏ အဓိကပို့ကုန်ပစ္စည်းများမှာ လက်ရက်ကော်ဇော၊ လက်မှုပညာ၊ လတ်ဆတ်သည့် သစ်သီးများ၊ သစ်သီးခြောက်များ၊ ကျောက်မီးသွေးနှင့် အဖိုးတန်ကျောက်မျက်များပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ



အာဖဂန်လက်ရက်ကော်ဇောများကို တွေ့ရစဉ်။

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း သေဆုံးသူ ၄၅၃၆၁ ဦးရှိပြီဖြစ်

**ဂါဇာ ဒီဇင်ဘာ ၂၆**

ဂါဇာကမ်းမြောင်ဒေသတစ်ဝန်း ဒီဇင်ဘာ ၂၅ ရက်က အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၂ ဦးထက်မနည်း သေဆုံးကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များက ပြောကြားသည်။

ဂါဇာမြို့မြောက်ပိုင်းရှိ အယ်-အူဟက်ဘန်စာသင်ကျောင်းအတွင်း၌ ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်သည့်ရွက်ဖျင်တဲကို ပစ်မှတ်ထားကာ လေကြောင်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း ဂါဇာရှိ အရပ်ဘက်ကာကွယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မာမွတ်ဘာဆယ်က ပြောကြားသည်။

အစ္စရေးက တိုက်ခိုက်မှုပြုလုပ်ပြီးနောက် အရပ်ဘက်ကာကွယ်ရေးအဖွဲ့မှ ဝန်ထမ်းများက သေဆုံးသူခုနစ်ဦးထက်မနည်းနှင့် ဒဏ်ရာရရှိသူ ၂၅ဦးအား ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ယင်းနောက် ဒဏ်ရာရရှိသူများအား ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရွက်ဖျင်တဲမှာ မီးလောင်သွားခဲ့ကြောင်း ဘာဆယ်က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်ကာ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၄၅၃၆၁ ဦးရှိပြီး အခြားဒဏ်ရာရရှိသူ ၁၀၇၈၀၃ ဦးရှိပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၂၅ ရက်က ထုတ်ပြန်ထားသည်။

ဆင်ဟွာ

**စမ်းချောင်းမြို့မရဲစခန်း(ပ)၅၀၂/၂၀၂၄၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)၊ ၅၄
၂၄-၁၂-၂၀၂၄ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်
ပန်းလှိုင်လမ်း၊ဟုမ်းလမ်းဘူတာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစန်းငွေအား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်မှု**




❖ *ကျောဖုံးမှ*

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်နေ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစန်းငွေ(၆၆)နှစ်၊ (ဘ) ဦးလှရွှေ သည် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ရှိနေစဉ် အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ် ထွက်ပြေးသွားခဲ့သဖြင့် ဦးစန်းငွေတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုများကြောင့် ဒီဇင်ဘာ ၂၄ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် လုပ်ကြံပစ်ခတ်မှု ကျူးလွန်သူများဖြစ်ကြသည့် တရားခံ ဇော်ဇော်ဗိုလ် (ခ) ထွန်းထွန်းအောင် (၂၉) နှစ်၊ (ဘ)ဦးသိန်းဇော်နှင့် မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်(၂၃) နှစ်၊ (ဘ) ဦးမြင့်တို့အား ၎င်းတို့နေထိုင်ရာ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမှတ်(၇၈၂)နေအိမ်၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် CZ 2075 RAMI P အမျိုးအစား အနက်ရောင် ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ လုပ်ကြံပစ်ခတ်စဉ်အတွင်း အသုံးပြုစီးနင်းခဲ့သည့် ယာဉ်အမှတ် YGN-8 GG-6136 Fielder အဖြူရောင် အငှားယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### ဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံ ဇော်ဇော်ဗိုလ် (ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်တို့၏ထွက်ဆိုချက်အရ လုပ်ကြံပစ်ခတ်မှုအတွင်း ပါဝင်သူ ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ ရေတွင်းကုန်း-ဝါးတရာလမ်း၊ “စိုင်းသူအောင်”အဆောင်နေ ကျော်ဇင်ဦး (ခ) ကျောင်းဆရာ (၃၁) နှစ်၊ (ဘ) ဦးမြင့်ဦးအား ယင်းနေ့ ည ၁၀ နာရီခွဲတွင် Glock အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တရားခံ မေမြတ်သဉ္ဇာကျော် (ခ) ငယ်ငယ်၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာ (၅)လမ်း အိမ်အမှတ် (၁) နေ စိုင်းနောင်ထက်(ခ) အာကြီး(၂၇) နှစ်၊ (ဘ) ဦးဇော်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိုင်းနောင်ထက်(ခ)အာကြီးအား ၎င်းနေထိုင်သည့် အဆောက်အအုံ ပထမထပ်၏ ထပ်ခိုးပေါ်တွင် အနက်ရောင် စက္ကူဘူးအတွင်းထည့်၍ ဝှက်သိမ်းထားသည့် SIG SAUER အမျိုးအစားအနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ 9 mm ကျည် ၃၃ တောင့်၊ မီးခိုးဗုံးနှစ်လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ ကျော်ဇင်ဦး (ခ) ကျောင်းဆရာ၊ ဇော်ဇော်ဗိုလ်(ခ)ထွန်းထွန်းအောင်နှင့် မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်တို့ သုံးဦး၏ထွက်ဆိုချက်များအရ ၎င်းတို့ သုံးဦးသည် Free Land Attack Force (FLA) အမည်ခံ အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြပြီး ၎င်းအဖွဲ့တွင် အဖွဲ့ဝင် ၁၅ ဦးခန့်ရှိကာ အဖွဲ့ခေါင်းဆောင်မှာ ဖမ်းဆီးရန်ကျန် တရားခံ နေမျိုးနွယ်(စိုင်းစစ်ဆဲ)ဖြစ်ပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် နေထိုင်သူဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများအား အဖွဲ့ခေါင်းဆောင်ဖြစ်သူ နေမျိုးနွယ်၏ စေခိုင်းချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစန်းငွေအား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ရန်အတွက် ဒီဇင်ဘာ ၂၂ ရက်တွင် FLA အဖွဲ့ခေါင်းဆောင် နေမျိုးနွယ်မှ တရားခံ ကျော်ဇင်ဦး (ခ) ကျောင်းဆရာပါ သုံးဦးတို့အား Telegram မှ ဆက်သွယ်၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း။

### အပ်နှံသိမ်းဆည်း

ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ငှားရမ်းထားသည့် ယာဉ်အမှတ် YGN-8 GG-6136 Fielder အဖြူရောင်အငှားယာဉ်အား ဇော်ဇော်ဗိုလ် (ခ) ထွန်းထွန်းအောင်မှ မောင်းနှင်၍ ကျော်ဇင်ဦး (ခ) ကျောင်းဆရာနှင့် မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်တို့မှ ပစ္စတိုသေနတ်တစ်လက်စီဖြင့် အုပ်ချုပ်ရေးမှူး ဦးစန်းငွေအား ရုံးရှေ့ ငါးပေအကွာခန့်မှ လုပ်ကြံပစ်ခတ်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ လုပ်ကြံပစ်ခတ်ပြီးနောက် တရားခံ ကျော်ဇင်ဦး (ခ) ကျောင်းဆရာနှင့် ဇော်ဇော်ဗိုလ်(ခ) ထွန်းထွန်းအောင်တို့မှ ပစ္စတိုသေနတ်တစ်လက်စီ ယူဆောင်သွားခဲ့ကြပြီး မေမြတ်သဉ္ဇာကျော် (ခ) ငယ်ငယ်မှ ၎င်းကိုင်ဆောင်သည့် SIG SAUER အမျိုးအစား အနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ 9 mm ကျည် ၃၃ တောင့်တို့အား စိုင်းနောင်ထက် (ခ) အာကြီး၏နေအိမ်တွင် သွားရောက်အပ်နှံသိမ်းဆည်းထားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဆက်လက်စစ်ဆေးချက်များအရ တရားခံ ကျော်ဇင်ဦး(ခ) ကျောင်းဆရာ၊ ဇော်ဇော်ဗိုလ်(ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်တို့ သုံးဦးသည် FLA အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ နေမျိုးနွယ်၏စေခိုင်းချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဗညားဒလလမ်းပေါ်ရှိ တာမွေမြို့နယ်လျှပ်စစ်မန်နေဂျာရုံးအား လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ခတ်ခြင်းနှင့် ဒီဇင်ဘာ ၁၀ ရက် ညပိုင်းတွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ကျိုက္ကဆံလမ်းနှင့် မလွကုန်းလမ်းထောင့်ရှိ တာမွေမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား လက်ပစ်ဗုံးဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှု နှစ်ကြိမ်ကျူးလွန်ခဲ့ကြကြောင်း။

တရားခံ ကျော်ဇင်ဦး (ခ) ကျောင်းဆရာ၊ မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်နှင့် ဖမ်းဆီးရန်ကျန်တရားခံ Free Land Attack Force (FLA) အဖွဲ့ဝင်ဖြစ်သူ အောင်မျိုးအေး (ခ) ဆာကူရာ (စိုင်းစစ်ဆဲ)တို့ သုံးဦးသည် ၂၀၂၃ ခုနှစ် မေလအတွင်း အင်းစိန်ပန်းခြံ လျှပ်စစ်ရုံးရှေ့ ခြံစည်းရိုးဘေးတွင် ချိန်ကိုက်မိုင်း သုံးလုံး၊ ဇွန်လအတွင်း တာမွေမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှေ့ ခြံစည်းရိုးတွင် ချိန်ကိုက်မိုင်းတစ်လုံး၊ ဩဂုတ်လအတွင်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်း၊ မင်းဓမ္မလမ်း မီးပွိုင့်အနီးရှိ CCTV ပုံးတွင် ရီမုမိုင်း တစ်လုံးတို့အား အကြမ်းဖက် မိုင်းထောင် ဖောက်ခွဲခဲ့ခြင်း သုံးကြိမ် ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

### ကြိုးပမ်းဆောင်ရွက်

ဖြစ်စဉ်တွင် အကြမ်းဖက် လုပ်ကြံပစ်ခတ်မှုနှင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခဲ့သူ Free Land Attack Force (FLA) အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖြစ်ကြသော ကျော်ဇင်ဦး (ခ) ကျောင်းဆရာပါ လေးဦးတို့အား ပြစ်မှုများကျူးလွန်စဉ် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် သုံးလက်၊ ကျည်မျိုးစုံ ၅၂ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ မီးခိုးဗုံးနှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရ ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ အကြမ်းဖက်မှုပြုလုပ်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့၊ ရွာများ အမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့သဖြင့် နေအိမ် ၂၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**




မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာကို ဒီဇင်ဘာ ၂၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့သဖြင့် နေအိမ် ၂၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါမြို့နယ်နှင့် ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည် ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် အဆိုပါမြို့နယ်နှင့် ကျေးရွာများတွင် ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများသွားလာနေထိုင်သည့် မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ မကြာခဏ လုပ်ဆောင်နေသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်သည်ဟု ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ် ကရင်ချောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် မရမ်းကုန်းကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ရွာတွင်း ဂဝံလမ်းခင်းခြင်း (၁၇၆၅ ပေ x ၁၂ ပေ x ၉ လက်မ) နှင့် ရေမြောင်းတူးခြင်း လုပ်ငန်းကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးလက်ဒေသနေပြည်သူများ၏ ဒေသထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူစွာ သယ်ပို့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခ၊ (ဌာနမှူး) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတွေ အထောက်အကူဖြစ်စေဖို့ မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာမေးပွဲအတွက် အထောက်အကူဖြစ်စေမယ့် သမိုင်းအချက်အလက်တွေကို အကောင်းဆုံးပြင်ဆင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နဲ့ စီးပွားရေးပုံစံပြောင်းလဲမှုတွေ၊ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်တွေကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ် - မြန်မာစစ် (၁၈၂၄-၁၈၂၆) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ် - မြန်မာစစ် (၁၈၅၂-၁၈၅၃) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တတိယ အင်္ဂလိပ် - မြန်မာစစ် (၁၈၈၅) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို သုံးကြိမ် ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ် - မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနဲ့ ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့်အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယ အင်္ဂလိပ် - မြန်မာစစ်အပြီးမှာ ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နဲ့ အောက်မြန်မာပြည် (ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမားလို့ ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကို အုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့ စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာ စတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမယ့် သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာ မရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်တွေ တိကျစွာ သတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံ အုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန်တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ၁၉၂၁ မြန်မာနိုင်ငံကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေး ပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ် ကာလပြီးရင် မြန်မာပြည်ရဲ့အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရေးနဲ့ ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကို လိုလားသူတွေနဲ့ တွဲရေးကို လိုလားသူတွေဆိုပြီး အုပ်စုတွေ ကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ဒီပြဿနာကို မြန်မာတို့ အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်ပါလီမန်အထက်လွှတ်တော်က အဖွဲ့ဝင် ၁၆ ဦးပါဝင်တဲ့ တွဲဖက်ကော်မတီကို တာဝန်ပေးခဲ့တယ်။ ကော်မတီအစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာန အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာန အုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ဆိုင်မွန်ကော်မရှင် ပေါ်ပေါက်လာပုံ၊ လန်ဒန်မှာ ကျင်းပတဲ့ သီးခြားစုံညီအစည်းအဝေး၊ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပေါ်ပေါက်လာပုံ၊ ၉၁ ဌာန အုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ ဌာနတွေနဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်တွေ အုပ်ချုပ်ခွင့်ရတဲ့ဌာနတွေ၊ ၉၁ ဌာန အုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ် ပြောင်းလဲလာမှုတွေကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေးစနစ်နဲ့ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာကြရမှာဖြစ်တယ်။ ကိုလိုနီခေတ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းတွေဖြစ်ကြတယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးတွေကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ် အမည်နဲ့ ကုမ္ပဏီလေးခုက လည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီကလည်းကောင်း၊ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။ ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်တွေ၊ အလုပ်သမားတွေ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းတွေ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝအခြေအနေတွေကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားတွေကို ခေါ်ယူခဲ့တယ်။ အလုပ်သမားတွေအနက် စက်မှုလုပ်ငန်းတွေမှာ လုပ်ကိုင်တဲ့အလုပ်သမားတွေရဲ့ ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားတွေဟာ အရင်းရှင်တွေရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားတွေရဲ့ဘဝဟာပိုမိုဆိုးရွားလာခဲ့တယ် ဆိုတာကိုလည်း လေ့လာထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှု သင်တန်းကျောင်းတွေအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမယ့် ကျေးလက်တောရွာနေ ပြည်သူတွေဟာ မြန်မာဆေးဝါးတွေနဲ့ တိုင်းရင်းဆေးဆရာတွေကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်း ဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံတွေကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးတွေမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။ လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈-၁၉၆၂) ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာသိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ပထမဦးဆုံးအစိုးရအဖွဲ့ကို ဝန်ကြီးဌာန ၁၉ ခုနဲ့ ဖွဲ့စည်းခဲ့တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် နှစ်ရပ်ရှိတယ်။ လွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်တွေကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးတွေဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန် ခေါ် အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နဲ့ လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်တွေကို အဆင့်ဆင့် ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကို အခြေပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ် ဆောင်ရွက်ချက်တွေကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကတော့ ယခင် ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု (ပထစ) အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရတွေလက်ထက် စီးပွားရေး၊ လူမှုရေး ပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလကို တော်လှန်ရေးကောင်စီခေတ်လို့ခေါ်တယ်။ ဒီသင်ခန်းစာမှာတော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့ လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထားကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်တွေ ချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းတွေကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲတွေ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ်အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုတွေကို လေ့လာထားဖို့လိုတယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရတွေ လက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေး (Education for All) အတွက် အခြေခံပညာကျောင်းတွေကို ကျေးရွာတွေနဲ့ နယ်စပ်ဒေသတွေမှာ တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်းလေးခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာတွေနဲ့ စီးပွားရေးပုံသဏ္ဍာန်တွေကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာတွေ၊ တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထား သင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်တွေ၊ လုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အေဂျင်စီတွေ၊ ကုလသမဂ္ဂရဲ့ အဓိကလုပ်ငန်းကြီးငါးရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်တွေကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ်စတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနဲ့ ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက်နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂ ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာတွေ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံတွေ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာ ကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေနဲ့ ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားတွေရဲ့ ကျန်းမာရေးအပေါ် စိန်ခေါ်မှုတွေ ဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်တွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ချက်တွေ၊ ရာသီဥတုဆိုင်ရာပြဿနာတွေကြောင့် လူသားတို့ရဲ့ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုတွေကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာသော ကမ္ဘာ့နိုင်ငံတွေအနက် တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကို လေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်တွေက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒတွေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်တွေ၊ တိန့်ရှောင်ဖိန်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ ပြည်တွင်း ပြည်ပ စိန်ခေါ်မှုတွေကို လေ့လာသိရှိဖို့ လိုအပ်တယ်။ ပြည်တွင်း ပြည်ပစိန်ခေါ်မှုတွေကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာ စိန်ခေါ်မှုတွေအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ရပ်ဝန်းနဲ့လမ်းအစီအစဉ် ဘီအာအိုင် (BRI–Belt and Road Initiative) ကိုလည်း သိဖို့လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ဆောင်ရာမှာ အဓိက ဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုရေးတို့အပေါ် စိန်ခေါ်မှုတွေ ဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသမိုင်းဘာသာရပ် မေးခွန်းဟာ ၂၀၂၄ ခုနှစ် မေးခွန်းနဲ့ ပုံစံအတူတူပဲဖြစ်ပါတယ်။ မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ၊ သင်ခန်းစာတစ်ခုစီမှ အဓိက မှတ်သားသင့်သော အချက်တွေကို နားလည်သိရှိမှု ရှိ မရှိ စစ်ဆေးတဲ့ မှတ်စုတိုမေးခွန်းတွေ၊ သမိုင်းအကြောင်းအရာတစ်ခုစီရဲ့ အခြေခံအကြောင်းရင်းတွေနဲ့ အကျိုးသက်ရောက်မှုတွေ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်တွေပါဝင်တယ်။

မေးခွန်းမှာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း(ဂ) ဆိုပြီး အပိုင်းသုံးပိုင်းပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း သုံးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီတိုင်းဟာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံအောင် မေးထားတဲ့ မေးခွန်းတွေဖြစ်တယ်။ မေးခွန်းလွှာဟာ စာမျက်နှာ စုစုပေါင်း လေးမျက်နှာပါရှိမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) ကတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး နံပါတ် ၁ (က) နှင့် ၁(ခ) ဆိုပြီးပါရှိမှာ ဖြစ်ပါတယ်။ နံပါတ် ၁ (က) မေးခွန်းဟာ အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ နံပါတ် (၁) မှ (၁၅) အထိ စုစုပေါင်း (၁၅) ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ (၈) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၇) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ကတော့(၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁(ခ) မှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ (၁) မှ (၁၅) အထိပါဝင်ပြီး မြန်မာ့သမိုင်းမှ (၇) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၈) ပုဒ်၊ စုစုပေါင်း (၁၅) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ခ) မှာ အောက်ပါတို့အနက်မှခြောက်ပုဒ်ကို မှတ်စုတိုရေးပါ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (က)မှ (ဇ)အထိရှိပြီး မြန်မာ့သမိုင်း (၄) ပုဒ်နှင့် ကမ္ဘာ့သမိုင်း (၄) ပုဒ်တို့ ပါဝင်တယ်။ အဲဒီ (၈) ပုဒ်ထဲက နှစ်သက်ရာ (၆) ပုဒ်ကို ဖြေဆိုရမှာ ဖြစ်တယ်။ တစ်ပုဒ်ရမှတ်ဟာ (၅) မှတ် ဖြစ်ပြီး စုစုပေါင်းရမှတ် (၃၀) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) သည် အောက်ပါမေးခွန်းတို့ကို ဖြေဆိုပါ ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၁) မေးခွန်းကတော့ မြန်မာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၂) မေးခွန်းကတော့ ကမ္ဘာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ ဒါကြောင့် အပိုင်း (ဂ) ရဲ့ စုစုပေါင်းရမှတ်မှာ (၄၀) မှတ် ဖြစ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာရပ်မေးခွန်းဟာ ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကို လွှမ်းခြုံမေးထားတာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ခန်းစာ တစ်စိတ်တစ်ပိုင်းကိုသာ လေ့လာ၊ ကျက်မှတ်ခြင်းမျိုးမပြုလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို စုံလင်စွာလေ့လာဖို့ အလွန်အရေးကြီးပါတယ်။

သမိုင်းကိုလေ့လာတဲ့အခါ သင်ခန်းစာတိုင်းမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေနဲ့ သင်ခန်းစာတစ်ခုနဲ့တစ်ခု သမိုင်းစဉ်ဆက်စပ်မှုကို နားလည်ဖို့အထူးလိုအပ်ပါတယ်။ စာမေးပွဲဖြေဆိုရာမှာလည်း မေးခွန်းကို သေချာဖတ်ရှုပြီး မေးထားတဲ့မေးခွန်းနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ သင်ခန်းစာတွေကို အစအဆုံး ကောင်းမွန်စွာ ပြင်ဆင်ထားခြင်းဖြင့် မေးခွန်းတွေကို အခက်အခဲမရှိဘဲ ဖြေဆိုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားကျောင်းသူတွေအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေ။

## ကျိုက်ထိုမြို့နယ် ဘုရားကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကျိုက်ထို ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ဘုရားကြီးကျေးရွာ၌ အရှည်ပေ ၃၈၀၊ အကျယ် ၁၂ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ကျေးလက်)**

## မအူပင်မြို့နယ် ရွာသစ်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မအူပင် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွာသစ်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးမှုကို မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးဆောင်၍ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရန် ခရိုင်ဦးစီးမှူးက မှာကြားသည်။

အဆိုပါ ရွာသစ်စုကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း မြေရောကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၇ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍



ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်မည်ဖြစ်ပြီး လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၄၁၄ အိမ်၊ လူဦးရေ ၁၅၃၆ ဦး၊ စိုက်ပျိုးမြေဧက ၅၈၀ ကို အကျိုးပြုပေးနိုင်မည်ဖြစ်သည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီအစည်းအဝေး တက်ရောက်

**မကွေး ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီ (၃/၂၀၂၄-၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေးအတွက် လျှောက်ထားလာမှုအခြေအနေအား တာဝန်ရှိသူများအနေဖြင့် လုပ်ထုံးလုပ်နည်း၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က (၃/၂၀၂၄-၂၀၂၅) အစည်းအဝေးတွင် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များမှ လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုချထားပေးနိုင်ရေးအတွက် လျှောက်ထားလာမှု အခြေအနေအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းမှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေး ကော်မတီဝင်များက အစည်းအဝေးတွင် တင်ပြလျှောက်ထားလာသော အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင် ၁၂၉ ဦး၏ အချက်အလက်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အထောက်အထားအချက်အလက် ပြည့်စုံမှန်ကန်မှုရှိမရှိစိစစ်၍ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေး အတည်ပြုဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ အခမ်းအနားအပြီးတွင် စီးပွားရေးရာဝန်ကြီးက ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

**ခရိုင်(ပြန်/ဆက်)**



# မကွေးမြို့နယ်အတွင်းရှိ ဓာတ်ငွေ့ရည်အရောင်းဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေး

**မကွေး ဒီဇင်ဘာ ၂၆**

မကွေးမြို့နယ်အတွင်းရှိ ဓာတ်ငွေ့ရည် သိုလှောင်အရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနက ယမန်နေ့က ဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက LPG Gas သိုလှောင်အရောင်းဆိုင်များအား မီးဘေးလုံခြုံရေးပစ္စည်းများ တပ်ဆင်ထားရှိရန်၊ သိုလှောင်ရောင်းချရာတွင် သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ မီးငြိမ်းသတ်ရေးပစ္စည်းများ အသုံးပြုတတ်စေရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြရန် စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**





# ပဲခူးမြို့၌ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဟောပြော

**ပဲခူး ဒီဇင်ဘာ ၂၆**

ပဲခူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ပဲခူးမြို့အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ယနေ့နံနက်ပိုင်းက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။(ဝဲပုံ)

ဦးစွာ ပဲခူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေသူအောင်က ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် တောင်ယာခုတ်ထွင် မီးရှို့ခြင်းနှင့် သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း အပါအဝင် မီးခိုးထွက်စေသော လုပ်ဆောင်ချက်များကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်ကို ကာကွယ် တားဆီးရန်အတွက် အသိပညာပေး ပြောရခြင်းဖြစ်ကြောင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်စေသော လူမှုစီးပွားထိခိုက်စေမှုများ၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများ၊ လေအရည်အသွေးတိုင်းတာရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် PM 2.5 အကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင် အခြားသစ် ၀ ဒသမ ၂၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၄၈)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၄၃၅၄၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ပန်ကွဲတောင်ရွာအနီး၌ တာလေမြို့မှ ကျိုင်းတုံမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၇၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်မြို့ မူလ(၃)လမ်း ရွှေတံခါးရပ်ကွက်၌ မြဝတီမြို့မှ ပြည်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင် ဝေါမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၂၇၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၉၇၈၁)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၂၉၇၈၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၆၇ တန်၊ အခြားသစ် ၆ ဒသမ ၃၄၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၈၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Shwe Htu Truck တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၀၂၉၁၇၉) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှုမရှိနိုင်ခြင်းနှင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မော်ဘီမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**မော်ဘီ ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိန်းရေးဦးစီးဌာနမှ ကြီးမှူး၍ မော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မော်ဘီ



ရွှေမြယာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မော်ဘီခရိုင်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်ကျော်၊ မီးသတ်ဦးစီးဌာန စခန်းမှူး ဦးသန်းထိုက်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိန်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးတို့က ရာသီဥတုပြောင်းလဲမှု လျှော့နည်းစေရေး အစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာစေနိုင်သောရောဂါများ၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များစသည်တို့ကို ဆွေးနွေးဟောပြောခဲ့ကြသည်။

**ဝင်းဇော်(မော်ဘီ)**

## အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) ကျောင်းစုဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) တို့ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပသည်။ **(အောက်ပုံ)**

ထိုသို့ကျင်းပရာတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ကျော့ကျော့ရီက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး မြို့ပြအင်ဂျင်နီယာ (တတိယနှစ်) ကျောင်းသား မောင်ရန်ကျော်လင်းက လူငယ်နှင့် စည်းကမ်း၊ စက်မှုအင်ဂျင်နီယာ (တတိယနှစ်) ကျောင်းသား မောင်ကောင်းမြတ်ထွန်းက လူငယ်နှင့် ဝီရိယ၊ မြို့ပြအင်ဂျင်နီယာ (ဒုတိယနှစ်) ကျောင်းသား မောင်ပြည့်လျှံအောင်က လူငယ်နှင့် ရည်မှန်းချက်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (ဒုတိယနှစ်) ကျောင်းသား မောင်နေမျိုးသူရိန်က လူငယ်နှင့် မူးယစ်ဆေး၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ (ဒုတိယ) နှစ်ကျောင်းသူ မအေးစုမွန်က လူငယ်နှင့်နည်းပညာ၊ စက်မှုအင်ဂျင်နီယာ (ဒုတိယနှစ်) ကျောင်းသူ မဖူးမြတ်သွယ်ချစ်က လူငယ်နှင့် အားကစား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြပြီး ဆွေးနွေးပွဲတွင် ဦးဆောင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



## ပတ်ဝန်းကျင်ထိန်းသိမ်းရေး သန်လျင်၌အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

သန်လျင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အသိပညာပေး ဟောပြောပွဲများကို ယနေ့နံနက်တွင် သန်လျင်မြို့နယ်ဘုရားကုန်း ကျေးရွာအုပ်စု မူလွန်(ကျိုက်အင်း) ၌ ကျင်းပရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်အောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက လေထုထဲတွင်ပါဝင်သော အန္တရာယ်ရှိသည့် PM 2.5 အကြောင်းသိကောင်းစရာများကို ကျောင်းသား ကျောင်းသူများသို့ အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်အောင်က ကွမ်းခြံကုန်းအခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဆုသာကျော်က ပလတ်စတစ်ညစ်ညမ်းမှု ဆိုးကျိုးများအား တိုက်ဖျက်ကြပါစို့ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာသန်းဇော်ဦးက အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာထိပ်တင်ဟန်နှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်နွဲ့အေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ ဌာနအသီးသီးမှ ဌာနမှူး၊ သင်တန်းရေးရာဌာန အရာထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား မိတ်ဆက်ပေးခြင်းအစီအစဉ်ကို စတင်ခဲ့ကြပြီး ဝိဇ္ဇာဘာသာရပ်များကိုယ်စား သမိုင်းဌာနပါမောက္ခ (ဌာနမှူး)ဒေါက်တာနွယ်နီအေးနှင့် သိပ္ပံဘာသာရပ်များကိုယ်စား ဓာတုဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်ငွေတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက ''လှမ်းစို့တူညီ အနောက်ပိုင်းတက္ကသိုလ်ဆီ'' တေးသီချင်းနှင့် ''ကြိုင်လှိုင်သတင်းဖြာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မဟာ'' တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## တောင်ငူမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

**တောင်ငူ ဒီဇင်ဘာ ၂၆**

တောင်ငူမြို့ မြို့မဈေးကြီး၌ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးရုံးနှင့် ဈေးသူဈေးသားများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၆ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးက ဈေးသူဈေးသားများအား ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဟောပြောဆွေးနွေးပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်ဝင်းက ကြီးကြပ်၍ သန္ဓေ၊ အရန်တပ်ဖွဲ့ဝင် ၂၀ တို့က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြသသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်( ၅ / ၂၀၂၄ )
## ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ( ၂၇ ) ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန ကွပ်ကဲမှုအောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)တန်း ဒု–ဦးစီးမှူး (စက်/လျှပ်)/(မြို့ပြ)ရာထူး ၂၇ နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင် ပါသည်–

| စဉ် | အနိမ့်ဆုံးရှိရမည့်ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|
| (က) | AGTI( EP ) | (အမျိုးသား(၁၁)ဦးနှင့် အမျိုးသမီး(၂) ဦး) |
| ( ခ ) | AGTI( MP/MC/MT/CNC) | အမျိုးသား(၁)ဦး |
| ( ဂ ) | AGTI(Civil) | (အမျိုးသား(၁၀)ဦးနှင့် အမျိုးသမီး(၃)ဦး) |

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည် ။
- ( ခ ) (၃၁.၁.၂၀၂၅)ရက်နေ့တွင် အသက်(၃၅)နှစ်[ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်] ထက်မကျော်လွန်သူဖြစ်ရမည် ။
- ( ဂ ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။
- (ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတစ်ခုခုတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။
- ( င ) နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ( စ ) အစိုးရဌာနတစ်ခုခုတွင် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း ၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ ။

၃။ ရေးဖြေစာမေးပွဲကိုနေပြည်တော်တွင် (၂၃.၁.၂၀၂၅ )ရက် နံနက်(၀၉:၀၀) နာရီ၌ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ မွန်းလွဲ(၁၃:၀၀)နာရီ၌ သက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပြီး (၂၄.၁.၂၀၂၅) ရက်မှစ၍ လူတွေ့စစ်ဆေးခြင်းကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် စာမေးပွဲဝင်ကြေး ငွေကျပ် ၅၀၀၀ / (ကျပ်ငါးထောင်တိတိ)ကို နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ငွေစာရင်းအမှတ်( MD – 013352 )သို့ ပေးသွင်းရမည်။

၅။ လျှောက်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ Website www.moep.gov.mm တွင် ရယူပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇) နေပြည်တော်သို့ (၁၇.၁.၂၀၂၅) ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်)ကိုယ်စားလှယ်ဖြင့် ပေးပို့လျှောက်ထားရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်–
- (က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း ။
- ( ခ ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်/အသက်အထောက်အထား အတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံ ပညာအထက်တန်း အောင်လက်မှတ် မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) ။
- ( ဂ ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။
- (ဃ) လွန်ခဲ့သောသုံးလအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ဓာတ်ပုံ အပို ၃ ပုံ ။
- ( င ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက် မူရင်း ပူးတွဲတင်ပြရမည် ။
- ( စ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ(သက်တမ်းမကုန်)နှင့် ၁ လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်းများ။
- (ဆ) လျှောက်လွှာနှင့်အတူ ကျန်းမာကြောင်း ဆေးထောက်ခံစာမူရင်း တင်ပြရန်။
- ( ဇ ) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် ခန့်ထားခြင်းခံရပါက နေရာဒေသမရွေးသွားရောက်တာဝန်ထမ်း ဆောင်ပါမည်ဟု ကတိဝန်ခံချက် ။
- (ဈ) ကိုယ်ရေးအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရမည်၊ မမှန်မကန်ရေးသွင်းထားခြင်းကို စိစစ်တွေ့ရှိပါက ရွေးချယ်စဉ်းစား မည် မဟုတ်ပါ ။
- (ည) ဖြေဆိုခွင့်ကတ်ပြားခုံနံပါတ်ထုတ်ယူချိန်တွင် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်မူရင်း ယူဆောင်လာရန် ။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင် သည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက် ရယူ၍ ပေးပို့ရမည်ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျ သော လျှောက်လွှာများကို လက်ခံစဉ်းစား မည်မဟုတ်ပါ ။ ဖြေဆိုခွင့်လက်မှတ် များကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၂၇)တွင် (၂၂.၁.၂၀၂၅)ရက်၌ ထုတ်ပေးမည် ။

၉။ ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး ၅ နှစ် တစ်ဆက်တည်း တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ် စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် ၁,၀၀၀,၀၀၀/–(ကျပ်တစ်ဆယ်သိန်း တိတိ) ကိုပေးလျော်ရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက စီမံခန့်ခွဲရေးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး နှင့် ကွပ်ကဲရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ၊ တယ်လီဖုန်းအမှတ် ၊ ၀၆၇–၄၁၀၀၆၆ ၊ ၀၆၇–၄၁၀၀၆၃ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/1923 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းယု ၇/ပခန(နိုင်)၂၁၆၈၁၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

---

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ဃ/၅၄၄၄, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၆/ပလန(နိုင်)၀၁၁၃၅၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/2316, Toyota Probox NCP 55, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခိုင် ၁၂/မရက(နိုင်)၁၇၇၅၂၄ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

---

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဦးမျိုးဝင်း(ESS–302837)လ/ထ ကြီးကြပ်ရေးမှူး(မီတာ)၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄–၄–၁၉၆၈ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၉–ဂ/မူလပြည်သာယာ)၊ ဦးပိုင်အမှတ်(၁၉၄)၊ မြေကွက်အမှတ်(၁၉၄)၊ မြေဧရိယာ (၀.၀၈၀)ဧကရှိ မြေကွက်သည် မူလကပင် ဦးသိန်းဆွေဦး အမည်ဖြင့် (၂၆–၇–၁၉၉၀) မှ (၂၅–၇–၂၀၂၀)အထိ နှစ် (၃၀)ဂရန်ရရှိထားသောမြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန် သက်တမ်းမှာ ကုန်ဆုံးသွားပြီးဖြစ်သဖြင့် ဦးသိန်းဆွေဦး(၉/မရတ(နိုင်)၀၀၉၄၄၀)မှ မြေငှားရန် သက်တမ်းတိုး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်ထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်လိုသူမရှိပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မိတ္ထီလာခရိုင်**

---

## အလိမ္မာ စာမှာရှိ

---

## တည်ဆဲဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မင်းထိုက် (ဘ)ဦးခင်ဝင်း (၁၀/မလမ(နိုင်)၂၁၀၇ ၈၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဒေါ်ယဉ်မင်းထိုက် အမည်အားအသုံးပြုပြီး သွယ်ဝိုက်၍ အခြားမည်သည့်နည်းလမ်းများ နှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာညိုးနွမ်းစေသည့် အပြောအဆို ၊ အပြုအမူ ဖော်ပြချက် တစ်စုံတစ်ရာကိုမဆို ၎င်းနှင့်ပတ်သတ်သောအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ Social Media တွင် ဖြစ်စေ၊ မည်သည့်ဆက်သွယ်မှု ကွန်ယက်များမှ ဖြစ်စေ၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်၍သော်လည်းကောင်း၊ ရေးသားခြင်း၊ စိတ်အနှောင့်ယှက်ဖြစ်စေရန် ပြုမူခြင်း၊ ဒေါ်ယဉ်မင်းထိုက်၏ အပြုအမူ လှုပ်ရှားမှုအား နောက်ယောင်ခံလိုက်ပြီး မှတ်တမ်းဓာတ်ပုံ video ရိုက်ကူးခြင်း၊ မည်သူတစ်ဦး တစ်ယောက်ကမျှ ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာပြုခြင်းများကို မပြုလုပ်ပါရန် နှင့် ပြုလုပ်ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟန်သီသီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၈၈)**
**အမှတ်(၆၅/ဘီ)၊ ဈေးကြိုဆန်တန်းရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း–၀၉–၉၇၃ ၄၃၄ ၈၁၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း–၂၊ မြေကွက် အမှတ် (၃၀၃၀၊ ၃၀၃၁)၊ ဧရိယာ(၀.၂၂၀) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်ရန်ရှောက်လင်၊ ၁၃/လလန(နိုင်)၀၀၂၇၆၁မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးမျိုးမင်းထွန်း ၁၃/ညရန(နိုင်)၀၅၄၉၅၇နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၁၈၀၉)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ခင်လှစိုးအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၂၂၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်လှိုင် ၈/ရနခ(နိုင်) ၀၂၉၆၃၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဒေါ်သင်းသင်းအောင် ၁၂/ဥကတ(နိုင်)၁၅၃၂၃၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်(ယာမြေကုန်း)အကွက်(၈)၊ မြတ်လေးလမ်းသွယ်ရှိ အလျား(၆၀)ပေ၊ အနံ(၄၀)ပေရှိ မြေကွက်အမှတ်(၄/၄)နှင့် (၄/၅) မြေကွက်(၂)ကွက်အား တာချီလိတ်မြို့နယ်၊ ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ (၁၂–၁–၁၉၈၈) ရက်စွဲပါစာဖြင့် ဦးအိုက်ရန်း(KTG–၀၃၀၇၃၄)သို့ ခွင့်ပြုချထားပေးခဲ့ပါသည်။

အဆိုပါ ဦးအိုက်ရန်း အမည်ပေါက်ပိုင်ဆိုင်ခဲ့သည့် မြေကွက်(၂)ကွက်သည် (၁၀.၉.၂၀၂၄)ရက်နေ့တွင် တာချီလိတ်မြို့၊ တစ်မြို့လုံးနီးပါး ရေကြီးရေလျှံဖြစ်ပွားခဲ့ရာ အထက်ဖော်ပြပါမြေပေးမိန့် စာရွက်(၂)ရွက်အနက် (၄/၅)မြေကွက် စာရွက်(၁)ရွက်သည် ရေစိုပျက်စီးသွားပါသဖြင့် ထိုမြေကွက်အား သက်ဆိုင်ရာရုံးဌာနများတွင် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ (၃–၁–၂၀၂၅)ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအိုက်ရန်း၏ဇနီး ဒေါ်မွေးရင်**
**(၁၃/တခလ(နိုင်)၀၀၄၂၆၆)**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၁၄၂၁/B–၁၊ ဧရိယာ (၄ဒသမ၀၁၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိုးပိုင် ၈/မထန(နိုင်)၀၀၀၆၇၂အမည်ဖြင့် မှတ်သားထားပါသည်။ မိမိတရားဝင်အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင် လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၇၅၁/၁၉၉၁)**
**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁၃၉၃၀၆**

---

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၁ နှင့်ဆက်သွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် ၆၈

| | | |
|---|---|---|
| ဦးကျော်အေး | နှင့် | ၁။ ဦးရှာဖီ<br>၂။ ဒေါ်ညိုညိုမြွေး<br>၃။ ဒေါ်သန်းသန်းမြွေး<br>၄။ဦးကြည်စိုး<br>၅။ ဒေါ်စန္ဒာအေး<br>(ကွယ်လွန်သူ ဦးမာမက်ဆာလေ၏ တရားဝင် ကိုယ်စားလှယ်များ) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

အမှတ်(၄)တရားရှုံးဦးကြည်စိုး၊ အမှတ်(၃၆)၊ ပိတောက်(၇)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၁တွင် ကျရှိသည့်ဒီကရီကို အတည် ပြုလုပ်ရန် ဤရုံးတော်တွင် ဦးကျော်အေးက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင်၊ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ် စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်(၁၃၈၆ခုနှစ်၊ ပြာသိုလဆုတ် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ပန်းစိန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ ပါရမီ–ကိုယ်ပိုင် အထက်တန်းကျောင်း၊ ဆဋ္ဌမတန်းမှ မသန့်သီရိထက်၏မိခင် ဒေါ်ခိုင်နှင့် ဒေါ်သက်စုလှိုင် ၇/မလန(နိုင်) ၁၂၀၅၀၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခိုင်(ခ)ဒေါ်သက်စုလှိုင်**

---

## ပျောက်ဆုံးကြောင်း

မမွန်မွန်ထွန်း(ဘ)ဦးသိန်းထွန်း မြင့် ၅/ကလထ(နိုင်)၂၇၃၉၆၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG–565605)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၅၈၆၇၅၆၂၃**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း–၂၊ မြေကွက်အမှတ် (၁၈၁၂)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်ဝင့်ဝါအောင် ၈/သရန (နိုင်)၀၇၁၃၅၁မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဒေါ်အေးမမအောင် ၁၂/မဘန(နိုင်) ၁၁၀၈၄၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/73574 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးနိုင် ၇/ညလပ(နိုင်)၀၉၃၉၄၇ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/41838 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်စိုး ၇/ကကန(နိုင်)၀၅၉၃၄၁က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ဃ/၄၁၀၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်) ၁၀၂၀၆၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မအူပင်တက္ကသိုလ်နှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၁၂-၂၀၂၄ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၂၅ရက် ညနေ ၄:၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့၊ အမှတ် (၁)၊ အထက်တန်းကျောင်း Grade-11 မှ မရွှန်းလဲ့ခင်နှင့် Grade-9 မှ မဝင်းဖြူဖြူအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဟန်ဝင်း (ခ)ဦးဟံဝင်း ၉/မခန(နိုင်)၀၀၃၀၅၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟန်ဝင်း(ခ)ဦးဟံဝင်း**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ဈေးကုန်းကျေးရွာ၊ အထက(ခွဲ) Grade-1 မှ မောင်အောင်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးဟိန်းမင်းထွန်း (၉/ကပတ (နိုင်) ၂၅၀၂၁၀)ဖြစ်ပါကြောင်း။

**ဦးဟိန်းမင်းထွန်း**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အထက (ညောင်ပင်သာ)ကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ငွေးငွေးမြ ၇/ဖမန(နိုင်)၀၈၈၀၃၁၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၁၉၇၄ ဖြစ်ပါကြောင်း။

**ဒေါ်ငွေးငွေးမြ**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အထက (ညောင်ပင်သာ) ကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်သန်းအေး၇/ဖမန(နိုင်) ၀၅၉၀၀၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၁၁-၁၉၇၁ ဖြစ်ပါကြောင်း။

**ဒေါ်သန်းအေး**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ် ၊ အထက (ညောင်ပင်သာ) ကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်ငွေးရီ (ခ) ဒေါ်သေးတင် ၇/ဖမန(နိုင်) ၀၄၇၀၅၅၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၇-၁၉၆၅ဖြစ်ပါကြောင်း။

**ဒေါ်ငွေးရီ(ခ)ဒေါ်သေးတင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ် (၇.M.1၊ အလယ် ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ် (၂၈)၊ ဧရိယာ (၀.၀၄၄)ကေရှိ မြေသည် ဦးခင်မောင်မြင့်၊ ဦးခင်မောင်လေးတို့၏အမည်ဖြင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် ၃၂ / V /၁၉၉၂ - ၉၃ အရ (၂၁-၁-၁၉၇၄) မှ (၂၀-၁-၂၀၀၄) ရက်အထိ နှစ်(၃၀) မြေငှားဂရန်ခွင့်ပြုရရှိထားရာ ယခုအခါတွင် ခွင့်ပြုမြေငှားဂရန်သက်တမ်းမှာကုန်ဆုံးကျော်လွန်နေပြီ ဖြစ်ခြင်းနှင့် ဂရန်အမည်ပါ ဦးခင်မောင်လေးမှာ ကွယ်လွန်ခဲ့ပြီဖြစ်ခြင်းကြောင့် အဆိုပါမြေနေရာအား တရားဝင်ပိုင်ဆိုင် ခွင့်ရှိကြသည့် ဦးခင်မောင်မြင့် (၁၄/မအပ(နိုင်)၁၄၄၉၆၃)နှင့် ဦးခင်မောင်လေး၏ ဇနီးဖြစ်သူ ဒေါ်နီလာစိုး (၁၄/မအပ(နိုင်)၁၄၄၃၃၇)တို့မှ မြေငှားဂရန်သက်တမ်းတိုး၊ အမည်ပြောင်းရရှိရေးအတွက် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများနှင့် ပူးတွဲလျက် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားနိုင်လုံစွာဖြင့်ကန့်ကွက်လိုသူ များသည် မအူပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျေးရွာနေ ဦးအောင်ဆန်းဝင်း ၁၂/တတန(နိုင်)၀၃၁၇၄၉၊ ဒေါ်နုနုလွင် ၁၂/တတန(နိုင်)၀၃၁၇၄၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေတို့၏ မိဘများဖြစ်သော (ဘ)ဦးဝင်းကြည်၊ (မိ) ဒေါ်စန်းတို့ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ဘုရားငုတ္တို(တောင်)ကျေးရွာအုပ်စု၊ ဘုရားငုတ္တို(တောင်)ကျေးရွာ၊ ကွင်းအမည်-ဘုရားငုတ္တိုကွင်း၊ ကွင်းအမှတ် (၁၁၀/A)၊ ဦးပိုင်အမှတ် -၉/၁၊ ဧရိယာ (၈)ကေ၊ ယခင်ဦးဝင်းကြည်ပြေစာ အမည်ပေါက်သောမြေအား ကျွန်ုပ်၏မိတ်ဆွေတို့မှ မိဘများသေဆုံးပြီးနောက်ပိုင်း မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ခွင့်ရရှိခဲ့ပါသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်၏မိတ်ဆွေတို့သိရှိခြင်း၊ သဘောတူညီခြင်းမရှိဘဲ တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများ(လုံးဝ)မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့မှုများဖြစ်ပေါ်ခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေတို့မှ ၎င်းတို့နှင့်သက်ဆိုင်သော ရပိုင်ခွင့်ရှိသော မြေနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါအတိုင်း အတိအလင်းတားမြစ်ထားသော မြေကွက်အပေါ် အရောင်းအဝယ်မပြုလုပ်ရန်နှင့် အကယ်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဆိုပါက ဝယ်ယူသူသာ နစ်နာဆုံးရှုံးမည်ဖြစ်ကြောင်း အတိအလင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်ဆန်းဝင်း၊ ဒေါ်နုနုလွင်** | **ဒေါ်သိင်္ဂီလှိုင်** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၂၁၇၇) (၂၈-၂-၂၀၁၇)** |
| | **အမှတ် -၁၈၊ ရွှေဆံတော်ဘုရားလမ်း၊** |
| | **တွံတေးမြို့၊** |
